# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၆ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၄)


## ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဩဝါဒသမ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဩဝါဒသမ အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❐

# မျက်မှောက်မြန်မာ့စိုက်ပျိုး မွေးမြူရေးကဏ္ဍ တစ်ရှိန်ထိုး ဖွံ့ဖြိုးဝေဆာ သီးနှံသားငါး ထုတ်လုပ်မှုမြင့်မားလာ

➢ သတင်းဆောင်းပါး - မောင်မောင်မျိုး (ပဲခူး)

➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၁၅

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကား သဘာဝတောတောင် ရေမြေများ၊ လူတို့ ပြုပြင်ဖန်တီးအပ်သော စိုက်ခင်းပျိုးခင်းများဖြင့် စိမ်းလန်းစိုပြည် ဝေဆာလျက်ရှိပေသည်။ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက်မှ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်နည်းစနစ်များ တိုးတက်ခေတ်မီအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ မရှိမဖြစ် ဆက်စပ်လုပ်ငန်းဖြစ်သည့် ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ရေကြောင့် သစ်ပင်တို့ဖြစ်ထွန်းပြီး သစ်ပင်ကြောင့် ရေဓာတ်ပေါ်များ စိမ်းစိုခဲ့သည့် အပြန်အလှန်ဖြစ်စဉ်၏အကျိုးကို မြန်မာနိုင်ငံက ကောင်းစွာရရှိခံစားနိုင်ခဲ့ပေပြီ။

ထိုသို့ ဆောင်ရွက်ဖြစ်ထွန်းမှုတွင် ၁၉၈၈ခုနှစ်အထိ ဆည်၊ ကန်၊ တမံပေါင်း ၁၃၈ခု၊ အကျိုးပြုဧရိယာ ၁၃၃၆၁၉၉ဧကသာ ရှိခဲ့ရာမှ ယခု ၂၀၁၀ခုနှစ်အတွင်း ဆောင်ရွက်ပြီး ဆည်၊ ကန်၊ တမံပေါင်း ၃၇၀အထိ ရှိလာပြီး အကျိုးပြုဧရိယာအားဖြင့် ၄၁၆၃၂၇၅ဧကအထိ ရှိခဲ့ရာ ၁၉၈၈ ခုနှစ်မှ ယခုအထိ တိုးတက်မှုအားဖြင့် ဆည်၊ ကန်၊ တမံပေါင်း ၂၃၂ခုနှင့် အကျိုးပြုဧရိယာ ၂၈၂၇၀၇၆ ဧက ရှိခဲ့ပေပြီ။

### တိုးတက်ဆောင်ရွက်

ထို့အတူ ယခင်က မရှိခဲ့သည့် မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်း၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှုလုပ်ငန်းများကိုလည်း ၁၉၈၈ ခုနှစ်မှ ယခု ၂၀၁၀ ခုနှစ်အထိ ဆောင်ရွက်ပေးခဲ့ရာတွင် မြစ်ရေတင်လုပ်ငန်းပေါင်း ၃၂၂ခုမှ အကျိုးပြုဧရိယာ ၄၆၇၀၂၈ဧကနှင့် မြေအောက်ရေရရှိရေး လုပ်ငန်းပေါင်း ၈၀၁၂ခုမှ အကျိုးပြုဧရိယာ ၉၈၃၃၅ဧက၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှုလုပ်ငန်းမှ အကျိုးပြုဧရိယာဧက ၁၈၄၅၇၀ကို ရေပေးဝေနိုင်ခဲ့ပြီဖြစ်သည်။ စိုက်ပျိုးမြေဧရိယာများကိုလည်း တိုးချဲ့ခဲ့ရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ ✻



ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်ရှိ အင်းရဲကြီးအင်းအတွင်းမှ ဖမ်းဆီးထားသော ငါးမျိုးစုံကို ဤသို့ တွေ့ရသည်။



စိုက်ပျိုးရေးလုပ်ငန်းများ နယ်စပ်ဒေသများမကျန် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အရှေ့ဘက်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော လှေကားထစ် လက်ဖက်စိုက်ခင်းတွင် လက်ဖက်ဖူးများကို ဒေသခံတောင်သူများ ဤသို့ ဆွတ်ခူးနေကြသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ ရက်)

# မိခင်နှင့်ကလေးကျန်းမာရေး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေး

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများအတွက်လိုအပ်သည့် လူမှုရေးဖွံ့ဖြိုးမှုအခြေခံကောင်းများ၊ ရလဒ်ကောင်းများကို ဖြည့်ဆည်းစွမ်းဆောင်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကို ရရှိခံစားနိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးမှုအခြေခံကောင်းများကို အထူးအလေးထားဖော်ဆောင်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများသည် တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းပကားကို အားထားဆောင်ရွက်လျက်ရှိရာ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်မိဘပြည်သူများ၊ စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုများသည်လည်း အရေးကြီးသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ မိခင်နှင့်ကလေးများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျလှသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် ယင်းတာဝန်ကို တစ်ထောင့်တစ်နေရာက ပါဝင်ထမ်းဆောင်လျက်ရှိသည်။

မိခင်နှင့်ကလေးများသည် လူ့ဘောင်အဖွဲ့အစည်း၏ အခြေခံအကျဆုံးဖြစ်ပြီး နိုင်ငံတော်၏လူဦးရေတွင် ပမာဏကြီးမားစွာ ပါဝင်လျက်ရှိသည်။ မိခင်နှင့်ကလေးများကို ကူညီစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်သည်။ မွန်မြတ်သော အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်သည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသအထိ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်က မျှော်မှန်းထားသည့် စုစည်းခိုင်မာပြီး စွမ်းဆောင်ရည်ထက်မြက်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် လူမှုရေးလုပ်ငန်းများတွင် တိုးချဲ့ပါဝင် ဆောင်ရွက်လာနိုင်ခဲ့သည်။ မိခင်နို့ စနစ်တကျတိုက်ကျွေးရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မွေးကင်းစကလေး သေဆုံးမှု လျှော့ချရေး၊ ငါးနှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုလျှော့ချရေးတို့၌လည်း ပါဝင်ဆောင်ရွက်ခဲ့ပေသည်။

အနာဂတ်မျိုးဆက်သစ်များ ကျန်းမာ၍ လုံခြုံစိတ်ချရသော မိသားစုဘဝတည်ဆောက်နိုင်ရန် မိသားစုတစ်ဦးချင်းမှသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ရာ အနာဂတ်ကာလတွင် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းရေးအတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဆောက်လုပ်ရေးဝန်ကြီးဌာန ထူးချွန်ကျောင်းသား ကျောင်းသူများအား

# ဝန်ကြီးဦးခင်မောင်မြင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၃ရက် မွန်းလွဲ ၁၂နာရီခွဲ က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့်ဦးမြင့်သိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### ဂုဏ်ပြုဆုများပေးအပ်

ရှေးဦးစွာ ဝန်ကြီးဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူလေးဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့က ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၁ဦးတို့အားလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မြို့၊ ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းတို့က လေးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၉ဦးအားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ခြောက်ဘာသာဂုဏ်ထူးရှင်လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၁ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၉ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၉ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၉ဦး ၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၇ဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၆၄ဦး စုစုပေါင်း ၃၈၃ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### ကြိုးကြပ်ဆောင်ရွက်

လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ အထက်တန်းကျောင်းတွင် ခြင်ကြောင့်ဖြစ်တတ်သော ကူးစက် ရောဂါများဖြစ်ပွားမှု မရှိစေရေး အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၂၇ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် ဒေါက်တာငွေးလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

# ကွမ်းခြံကုန်းမြို့နယ်အသင်း စုပေါင်းအလှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ် စုပေါင်းအလှူပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ်(၃)လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

ကွမ်းခြံကုန်းမြို့နယ်အသင်းဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြရန်နှင့် အသင်းသား အသင်းသူများအနေဖြင့် လှူဒါန်းလိုပါက ဦးစိုးညွန့်(ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင်(ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၃၉၈၂၀၀၊ ဦးမောင်မောင်မြင့်(ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးစန်းအောင်(တွဲဖက်အတွင်းရေးမှူး)ဖုန်း-၆၆၄၆၀၇၊ ဒေါ်ဥ(အမှုဆောင်) ဖုန်း-၀၉-၈၀၃၃၉၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## အလိမ္မာ စာမှာရှိ

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ရမည်းသင်း၌ ကျင်းပ

ရမည်းသင်း ဇူလိုင် ၁၅

ရမည်းသင်းမြို့နယ် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ပျိုးပင်နှင့် မျိုးစေ့များပေးအပ်ပွဲကို ဇွန် ၂၉ရက် နံနက် ၁၀နာရီက ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးမြမောင်နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်သိန်းကျော်တို့က သစ်စေ့ပျိုးထောင်ရေး၊ စိုက်ပျိုးရေး၊ ပြုစုပျိုးထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က ကျွန်းပျိုးပင်နှင့် မန်ကျည်းစေ့မျိုးအိတ်တို့ကို ပေးအပ်ရာ မြို့လှအုပ်စု ဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ခံယူသည်။ **(ယာပုံ)** အခမ်းအနားတွင် ပေးအပ်ခဲ့သော ပျိုးပင်နှင့် မျိုးစေ့များမှာ ကျွန်းပျိုးပင် ၂၀၀၀၊ မန်ကျည်းစေ့ ၄၈ပြည်၊ ကြက်ဆူစေ့ ၇၂တင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၇-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ် |
| ၅း၁၅ | MRTV-4 သတင်း |
| ၆း၀၀ | **အသိပြည့်ဖို့သတိရှိစို့** တရားတော် (ဆရာတော်အရှင်မာဃိန္ဒ) |
| ၇း၀၀ | MRTV-4 သတင်း |
| ၇း၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Jeuno' Facial Bar ပစ္စည်းသစ်မိတ်ဆက်ပွဲ) |
| ၈း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၈) |
| ၈း၃၀ | Sports World |
| ၉း၀၀ | မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ |
| ၉း၂၀ | Activities in the City - စိန်ရတုမဟာနာယကကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ - Myanmar Society of Endocrinology & Metabolism (MSEM)၏ နှစ်ပတ်လည်အခမ်းအနား |
| ၉း၅၀ | Movie Talk ဇာတ်သဘင်မှ ရုပ်ရှင်သို့ကူးပြောင်းလာသည့်မင်းသမီးများ(အပိုင်း-၃) |
| ၁၀း၃၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မေခင်ကညာ** ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား |
| ၁၀း၅၅ | VJ Choice |
| ၁၁း၂၀ | ရွှေတိုင်းမြို့မှုဂုဏ်တင့်စေရာ ကြိမ် လက်မှုအနုပညာ |
| ၁၁း၃၅ | ပန်းချီပြခန်း (Rhzome Art ပန်းချီပြပွဲ) |
| ၁၁း၄၅ | ၄က်ပြတိုက် (လှော်ကားဥယျာဉ်) |
| ၁၁း၅၅ | ကျန်းမာရေးဆွေးနွေးခန်း (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ) |
| ၁၂း၃၀ | Activities in the City - စိန်ရတုမဟာနာယကကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ - Myanmar Society of Endocrinology & Metabolism (MSEM)၏ နှစ်ပတ်လည်အခမ်းအနား |
| ၁း၀၀ | **အသိပြည့်ဖို့သတိရှိစို့** တရားတော် (ဆရာတော်အရှင်မာဃိန္ဒ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ညီရဲ့ နှင့်တွေ့ဆုံခြင်း (အပိုင်း-၂) |
| ၃း၁၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၃း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၈) |
| ၄း၀၅ | ကလောဈေးနေ့ |
| ၄း၂၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မေခင်ကညာ** ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား |
| ၄း၄၅ | ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု (အပိုင်း-၂) |
| ၅း၁၀ | မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | World of Knowledge (Seconds From Disaster: Mutich Olympic Massacre) |
| ၇း၁၀ | ရန်ကုန်မြင်ကွင်းကျယ် (Jeuno' Facial Bar ပစ္စည်းသစ်မိတ်ဆက်ပွဲ) |
| ၇း၂၅ | FMF Selection |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | VJ Choice |
| ၉း၀၀ | သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်ညီရဲ့နှင့်တွေ့ဆုံခြင်း (အပိုင်း-၂) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၄၈) |
| ၁၀း၀၀ | လှပသစ်ဆန်းအလှပြင်ခန်း (i Hair & Beauty Spa) |
| ၁၀း၂၀ | ကျန်းမာရေးဆွေးနွေးခန်း (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ) |
| ၁၀း၅၀ | ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာတစ်ယောက်ရဲ့ခံစားမှု (အပိုင်း-၂) |
| ၁၁း၁၅ | ပန်းချီပြခန်း (Rhzome Art ပန်းချီပြပွဲ) |
| ၁၁း၃၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၄၀ | မြေကြီးမှရွှေသီးဖို့ စက်မှုလယ်ယာကူးပြောင်းစို့ |
| ၁၁း၅၅ | **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်) |
| ၁၂း၂၀ | ကွန်ရက်ပမာယှက်သွယ်ဖြာ |
| ၁၂း၂၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |
| ၁း၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



# သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ရာ၌ သတိတရားလက်ကိုင်ထား၍ အင်တိုက်အားတိုက်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၅

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး၌ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဂုဏောသန မြွက်ကြားတော်မူသော အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

## အားသစ်ကြိုးပမ်း

ဆရာတော်အရှင်မြတ်များ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးဟူသော သာသနာတော်မြတ်ကြီး၏အရေးသုံးပါးကို ကိုယ်အားဉာဏ်အားရှိသမျှ လုံ့လမလစ် အားသစ်ကြိုးပမ်းတော်မူနိုင်ကြ၍ ရဟန်းတော်တိုင်း၏တာဝန်ဖြစ်သော ဓုရနှစ်ရပ်ကိုလည်း မလစ်လပ်အောင် ထမ်းဆောင်ဖြည့်ကျင့်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသ ပဏ္ဏာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်များ ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ကို ရွှင်ရွှင်လန်းလန်း၊ ကျန်းကျန်းမာမာ တွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အဆင့်အမြင့်ဆုံး အဖွဲ့အစည်းကြီးဖြစ်၍ သာသနာရေးကိစ္စတို့အတွက် ရဟန်းရှင်လူ ပြည်သူအများတို့ အားကိုးအားထားပြုရသော အဖွဲ့ကြီးဖြစ်ပါသည်ဘုရား။ သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့သည် (မဟာနာယက) အမည်နှင့် လိုက်လျောညီထွေဖြစ်စေရန် မိမိတို့သန္တာန်၌-

**ခမာ ဇာဂရိ ယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ။**
**နာယကဿ ဆဠဂ်ါနိ၊ တေဟေဝ နာယကော ဘဝိ**

ဟူသည်နှင့်အညီ (၁)အရာရာ၌သည်းခံခြင်း-ခမာဂုဏ်၊ (၂)နိုးကြားခြင်း-ဇာဂရိယဂုဏ်၊ (၃)လုံ့လဝီရိယထကြွမှုရှိခြင်း-ဥဋ္ဌာနဂုဏ်၊ (၄)ခွဲခြမ်းဝေဖန်မှုရှိခြင်း-သံဝိဘာဂဂုဏ်၊ (၅) သနားကရုဏာရှိခြင်း-ဒယာဂုဏ်၊ (၆)စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် အမြော်အမြင်ရှိခြင်း-ဣက္ခဏာဂုဏ်ဟူသော နာယကဂုဏ်(၆)ပါးတို့နှင့် ပြည့်စုံတော်မူကြသည့် အရှင်မြတ်များချည်းသာဖြစ်ကြရမည်ကို ဆရာတော်အရှင်မြတ်တို့ကိုယ်တော်တိုင် သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ဥပမာအားဖြင့် ရထား(လှည်း)တစ်စင်း၌ ရထား၏အစိတ်အပိုင်းဖြစ်သော လှည်းအိမ်၊ လှည်းဘီး၊ ဝင်ရိုး၊ ထမ်းပိုးစသော ကောင်းမြတ်ထိုက်တန်သော အင်္ဂါအစိတ်အပိုင်းများပြည့်စုံမှသာ တင့်တယ်လှပ အဖိုးအနဂ္ဃထိုက်တန်သော မင်းထိုက်စိုးဝင် (တော်ဝင်) ရထား ဖြစ်နိုင်ပါသည်ဘုရား။

## လိုက်ဖက်ညီ

ထို့အတူ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများလည်း (မဟာနာယက)ဟူသော အမည်အားလျော်စွာ နာယကဂုဏ်အင်္ဂါ(၆)ပါးနှင့် ပြည့်စုံမှသာလျှင် ဂုဏ်နှင့်ဂုဏေး၊ ဂုဏေးနှင့်ဂုဏ်တို့ လိုက်ဖက်ညီလှ၍ နေနှင့်လ ရွှေနှင့်မြပမာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ သံဃာထုအလယ်မှာ (တော်ဝင်)ဆရာတော်ကြီးများအဖြစ် ဂုဏ်တင့်မည်ဖြစ်ပါသောကြောင့် နာယကဂုဏ်အင်္ဂါ(၆)ပါးနှင့် ပြည့်စုံအောင် (စံထား)ကျင့်ဆောင်တော်မူကြရမည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဤနာယကဂုဏ်(၆)ပါးတို့တွင် နောက်ဆုံးဖြစ်သော စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် အမြော်အမြင်ရှိခြင်းဟူသော (ဣက္ခဏာ)ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ်အသွယ်သွယ် အဝဝဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူး အထူးအားဖြင့် အလိုရှိအပ် အလိုရှိသင့် ပြည့်စုံစေအပ် ပြည့်စုံစေသင့်ပါသည်ဘုရား။

## ပြီးစီးအောင်မြင်

အဘယ်ကြောင့်ဆိုသော် အကြီးအမှူး ဦးစီးပဓာနဖြစ်ကြသောပုဂ္ဂိုလ်တို့သည် မိမိတို့အကြီးအမှူးပြုရာ ပုဂ္ဂိုလ်များအတွင်း၌ အကြောင်းအရာဝတ္ထုအစုစုတို့ကို တစ်ခုမကျန် ဝေဖန်ပိုင်းခြား ပြတ်သားစွာသိမြင်အောင် ကြည့်ရှုပြီးမှသာ ပဂ္ဂဟ နိဂ္ဂဟ ကိစ္စကြီးငယ်အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ပါက ချွတ်ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် (ပရူပဝါဒ)ကင်းဝေး၍ လိုအပ်သောအကျိုး ပြီးစီးအောင်မြင်နိုင်ပါသည်ဘုရား။

ထိုသို့မဟုတ်ဘဲ တစ်နားကြား၊ တစ်ယောက်ကြား ထင်မြင်ရာသဘောဖြင့် အဆောတလျင် အလျင်အမြန်အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်း မှန်ကန်ခြင်းမရှိသဖြင့် (ပရူပဝါဒ)ဖြစ်၍ လိုအပ်သောအကျိုးများ ပြီးစီးအောင်မြင်မှုမရှိဘဲ နောင်မှပူပန်ရတတ်ပါသည်ဘုရား။ ထို့ကြောင့်-

**မာစဝေဂေန ကိစ္စာနိ၊ ကာရာပေသိ ကရောတိဝါ။**
**သဟသာ ကာရိတံ ကမ္မံ၊ မန္ဒော ပစ္ဆာနုတပ္ပတိ။**

အဆောတလျင် အလျင်အမြန် အမှုကိစ္စတို့ကို သူတစ်ပါးကိုလည်း မပြုစေလင့်၊ မိမိလည်းမပြုပါလင့်၊ အမှုကိစ္စမှန်သမျှကို အဆောတလျင် အလျင်အမြန်ပြုလုပ်မိလျှင် ပညာနည်းသောပုဂ္ဂိုလ်သည် နောင်မှပူပန်ရတတ်၏ဟူသော ဒေသနာတော်ကို အလေးဂရုပြုတော်မူကြကာ ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား သိမြင်အောင်ကြည့်ရှုဆင်ခြင်၊ အမြော်အမြင်ရှိခြင်းဟူသော (ဣက္ခဏာ)ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ် အဝဝ ဟူသမျှတို့၌ ရှေးဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူး အထူးအားဖြင့် အလိုရှိအပ် အလိုရှိသင့် ပြည့်စုံစေအပ် ပြည့်စုံစေသင့်သည်ဖြစ်၍ ပြည့်စုံအောင်ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- အရှင်မြတ်များ သတိမူတော်မူနိုင်ရန် လျှောက်ထားလိုသည်မှာ မြတ်စွာဘုရားက သံယုတ်ပါဠိတော်၌-

**(သတိံစ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ)** ဟု **(သတိ)** ကို အရာခပ်သိမ်းမှာ လိုလားအပ်သောတရား၊ လိုအပ်သောတရားအဖြစ် ဟောတော်မူခဲ့ပါသည်။ ထိုသို့ အလုပ်တိုင်း ကိစ္စတိုင်း အရာခပ်သိမ်း ဘယ်နေရာမဆို အလိုလားအပ်ဆုံး အလိုအပ်ဆုံး **(သတိ)**ကို မိမိတို့သန္တာန်၌ အမြဲကပ်နေရမည်ဖြစ်သော်လည်း ဘုရားတပည့်တော်တို့ အရှင်မြတ်တို့မှာ ပုထုဇဉ်များဖြစ်ကြသည့်အလျောက် သတိတရား အမြဲတမ်းရှိနေဖို့ဆိုတာလည်း အလွန်ခဲယဉ်းလှပါသည်ဘုရား။ တစ်ရံတစ်ခါ သတိလွတ်ချင်လွတ်ကြမှာပါပဲ မိမိတို့က စေတနာထား ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်ကို လုပ်ကိုင်ဆောင်ရွက်နေသော်လည်း ကြမ္မာငင်လာသည့်အခါ အမှန်လုပ်ရင်းက အမှားအယွင်းဖြစ်သွားတတ်ပါသည်ဘုရား။ ထို့ကြောင့်-

**ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါလည်း**
**ကြမ္မာဆောင်နှင်း၊ သတိယွင်းက**
**ခြသေ့မင်းပင် ဂူမမြင်တည်း-**

ဟူသော ရှေးပညာရှိတို့ အဆိုအမိန့်ရှိပါသည်ဘုရား။ တစ်ခါတစ်ရံ သတိလွတ်ကင်း သတိယွင်း၍ မိမိတို့ဆောင်ရွက်နေသည့် ကိစ္စများ၊ တာဝန်များ ပုထုဇဉ်ဖြစ်သည့်အလျောက် ချွတ်ယွင်းချက် လစ်ဟင်းချက် လိုအပ်ချက် မှားယွင်းချက်များ ဖြစ်တတ်ပါသည်ဘုရား။ ထိုသို့ချွတ်ယွင်းချက်စသည်များကို ပြုလုပ်ဆောင်ရွက်မိကြသည့်အခါ မိမိတို့ အဖွဲ့ဝင်အချင်းချင်း အပြုသဘောဖြင့် ထောက်ပြဝေဖန် ပြောဆိုကြ၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးသင့်ပါသည်ဘုရား။ ဤသို့ ချွတ်ယွင်းမှုကို အပြုသဘောဖြင့် ထောက်ပြဝေဖန်၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးသူကို အပြစ်မမြင် ကျေးဇူးတင်လျက်-

**နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ**

အပြစ်ပြဆုံးမလာသူကို ရွှေအိုးကြီးဖော်ထုတ်ပြသကဲ့သို့ မြင်ရမည်ဟု ဗုဒ္ဓမြတ်စွာ ဓမ္မပဒပါဠိတော်၌ဆုံးမသည်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့ကလည်း သာသနာတော်အတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေးချီးမြှောက် ထောက်ပံ့နေသည့်အပြင် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများကလည်း အင်တိုက်အားတိုက် အားပေးချီးမြှောက် ထောက်ပံ့နေသည့် ဤအချိန်ကောင်း အခါကောင်းဝယ် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးဟူသော သာသနာတော်အရေးသုံးပါးတို့ကို ဆောင်ရွက်တော်မူကြရာ၌ သတိတရားလက်ကိုင်ထား၍ အမှားအယွင်းကင်းနိုင်သမျှ ကင်းအောင် အင်တိုက်အားတိုက် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားလျက် တပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

**(ဘဒ္ဒန္တဂုဏောသန)**
**အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**ဒုတိယဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**



**ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ သဘင်၌ ကျင်းပစဉ်။**

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

## တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန အမှူးပြုတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

## သဘာပတိ

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

## ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားတင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိဆရာတော်က အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

**(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

## အစီရင်ခံစာအကျဉ်း

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက တင်သွင်း လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီးသူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

## တင်သွင်း

ထို့နောက် ဆဋ္ဌအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်း လျှောက်ထားကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

## ဆုံးဖြတ်

ယင်းနောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

## ဆွေးနွေး

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပေးရန်ကိစ္စ၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး အစီအစဉ်များ အတည်ပြုရန်ကိစ္စ၊ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓသာသနာ ဗဟိုသာသနနုဂ္ဂဟအသင်း သြဝါဒါစရိယဆရာတော်ကြီးများ ဖွဲ့စည်းခြင်းကိစ္စ တင်ပြခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်ရန်ကိစ္စ၊ ဆဋ္ဌအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးသို့ တင်သွင်း၍ အတည်ပြုချက်ရယူမည့် သာသနာရေးဆိုင်ရာ တင်လွှာကို အတည်ပြုရန်ကိစ္စ တင်ပြခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်ရန်ကိစ္စနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကိုတင်သွင်း၍ အတည်ပြုချက်ရယူရန် ကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ပထမနေ့အစီအစဉ်များကို ရပ်နားလိုက်သည်။

## ဆက်ကပ်လှူဒါန်း

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား မန္တလေးတိုင်း မတ္တရာမြို့နယ် ကောက်ရိုးပုံကျေးရွာနေ ကျောင်းဒါယကာ ကျောင်းဒါယိကာမများ ဖြစ်ကြသော ဦးဖိုးသောင်း-ဒေါ်ခင်မြမြ မိသားစုတို့က တစ်နေ့တာ ဆွမ်းခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာသင်တန်း တောင်ဥက္ကလာပ၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၅

တောင်ဥက္ကလာပမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက တောင်ဥက္ကလာပမြို့နယ် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် ဦးချစ်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းသန်း **(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားသည်။

## တက်ရောက်

သင်တန်း၌ မြို့နယ်ကော်မရှင် အတွင်းရေးမှူး ဦးအောင်စန်းဝင်း၊ အဖွဲ့ဝင် ဦးလှဦး၊ ဦးသံချောင်း၊ ဒေါ်ခင်စီတို့က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ ရှင်းလင်းပြောကြားကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ခင်မာဆွေ၊ ဒေါက်တာ မာမာအေး၊ ဦးဇင်မင်းလှိုင်၊ ဦးအောင်မြင့်၊ ဦးမြင့်စိန်၊ ဦးဟန်မြင့်၊ ဦးမြင့်သန်း၊ ဦးကိုကိုလွင်၊ ဦးမျိုးမင်းအောင်တို့က မဲရုံသရုပ်ပြမှုကို ကြီးကြပ်ဆောင်ရွက်ကြသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၂၅၈ဦး တက်ရောက်ကြကြောင်း သိရသည်။

(၁၁၉)



**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မနီလာ၌တိုက်ခတ်သောမုန်တိုင်း ၂၆ဦး သေဆုံး၊ ၅၀ပျောက်ဆုံး



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ပေါ်ရှိ ဓာတ်ငွေ့အရောင်းဆိုင်တစ်ဆိုင်၌ လူဇွန်မုန်တိုင်း တိုက်ခတ်ပြီး အပျက်အစီးများကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မနီလာ ဇူလိုင် ၁၅

ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းတွင် ကွန်ဆွန်တိုင်ဖုန်းမုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ပြီးနောက် မြို့တော်မနီလာရှိ ရပ်ကွက်အချို့၌ ဇူလိုင် ၉ရက်က လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း၊ ယင်းမုန်တိုင်းကြောင့်အနည်းဆုံး ၂၆ဦး သေဆုံးပြီး ၅၀ပျောက်ဆုံးနေကြောင်း၊ ၎င်းမုန်တိုင်းမှာ တရုတ်တောင်ပိုင်းသို့ ဦးတည်ရွေ့လျားသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

## ပြောကြား

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များနှင့် ဓာတ်တိုင်များလဲကျပြီး လေပြင်းထန်စွာ တိုက်ခတ်နေကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂွီလာမိုရီဒိုဘလားက ပြောကြားသည်။

## ရွေ့လျား

ယင်းမုန်တိုင်းသည် မြို့တော်မနီလာနှင့် ပတ်ဝန်းကျင်ရှိ ပြည်နယ်များသို့လည်း တိုက်ခတ်ခဲ့ကြောင်း၊ လူဇွန်ကျွန်းမှ ထွက်ခွာပြီးနောက် မုန်တိုင်းမှာ တစ်နာရီ ၅၉မိုင်နှုန်းဖြင့် တရုတ်နိုင်ငံတောင်ပိုင်းသို့ ဆက်လက်ရွေ့လျားနေကြောင်း သိရသည်။

(အင်တာနက်)

# လစ်ဗျားသင်္ဘော အစ္စရေးက ဂါဇာဆိပ်ကမ်းသို့ ကပ်ခွင့်မပြု၍ အီဂျစ်သို့ထွက်ခွာ

ကိုင်ရို ဇူလိုင် ၁၅

လစ်ဗျား အကူအညီပေးရေးသင်္ဘော အယ်လ်အမယ်သည် အစ္စရေးတို့၏ ကြားဝင်နှောင့်ယှက်မှုကြောင့် ဂါဇာဆိပ်ကမ်းသို့ မဆိုက်ကပ်နိုင်တော့သဖြင့် အီဂျစ်တို့၏ အရစ်ချ်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန် အီဂျစ်အစိုးရက သဘောတူလိုက်ကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ဇူလိုင် ၁၄ရက်၌ ပြောကြားသည်။

## ပြောကြား

အဆိုပါသင်္ဘောသည် အယ်လ်အရစ်ချ် ဆိပ်ကမ်းမှ မိုင် ၁၃၀ အကွာ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက စက်ပျက်၍ ရပ်သွားခဲ့ပြီးနောက် ပြန်လည်ထွက်ခွာရန် အသင့်ဖြစ်နေကြောင်း ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။

## လိုက်ပါလာ

ယင်းသင်္ဘောပေါ်တွင် အစားအစာနှင့် ဆေးဝါးအထောက်အပံ့ပစ္စည်းများ အပါအဝင် တန်ချိန် ၂၀၀၀ တင်ဆောင်လာရာ ခရီးသည် ၂၁ ဦးလည်း လိုက်ပါလာခဲ့သည်။

## အမိန့်ပေး

မော်လ်ဒိုဗာ အလံစိုက်ထူထားသော အဆိုပါသင်္ဘောသည် အစ္စရေးတို့က သုံးနှစ်ကြာ ဂါဇာကိုပိတ်ဆို့ထားခြင်းကို စိန်ခေါ်လိုက်သည်။ သို့သော် အစ္စရေးတပ်က ဂါဇာဆိပ်ကမ်းသို့ ဆိုက်ကပ်ခွင့်ပြုမည် မဟုတ်ကြောင်း အီဂျစ်ဆိပ်ကမ်းသို့သာ ဆိုက်ကပ်ရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

# ပြန်ပေးဆွဲခံရသော အီရန်နျူကလီးယားသိပ္ပံပညာရှင် တီဟီရန်သို့ ပြန်လည်ရောက်ရှိ

တီဟီရန် ဇူလိုင် ၁၅

အီရန်နျူကလီးယား သိပ္ပံပညာရှင် ရှာရမ်အမီရီဆိုသူသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ထောက်လှမ်းရေးအဖွဲ့ ပြန်ပေးဆွဲခံရပြီးနောက် အီရန်နိုင်ငံ၏ မေတ္တာရပ်ခံတောင်းဆိုမှုကြောင့် အမေရိကန်တို့က ပြန်လွှတ်ပေးလိုက်သဖြင့် အီရန်မြို့တော် တီဟီရန်သို့ ပြန်လည်ရောက်ရှိခဲ့သွားကြောင်း ပရက်စ်တီဗွီသတင်း၌ ဇူလိုင် ၁၄ရက်က ဖော်ပြသည်။

## ဖော်ပြ

လွန်ခဲ့သောတစ်နှစ်က ပျောက်ကွယ်သွားခဲ့သော အမီရီသည် ဝါရှင်တန်ရှိ ပါကစ္စတန်သံရုံး၌ အင်္ဂါနေ့က ရှိနေကြောင်း၊ အီရန်ကချက်ချင်း ပြန်လာရန် တောင်းဆိုသဖြင့် ပြန်လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမီရီသည် ၂၀၀၉ခုနှစ် ဇွန်လက ဆော်ဒီအာရေဗျနိုင်ငံရှိ မက္ကာသို့ ဘာသာရေးပွဲတော်သွားစဉ် ပျောက်ဆုံးသွားခဲ့ကြောင်း အီရန်သတင်းစာများက ဖော်ပြသည်။

## ပြောကြား

အီရန်ထောက်လှမ်းရေးအဖွဲ့က ၎င်း၏ ဗီဒီယိုအခွေနှစ်ခွေနှင့် မှတ်တမ်းသတင်းအရ အမေရိကန်ဗဟို ထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)က ဖမ်းဆီးသွားလိမ့်မည်ဟု ယုံကြည်ကြောင်း အီရန်ထောက်လှမ်းရေး သတင်းရပ်ကွက်များက ပြောကြားသည်။

(အင်တာနက်)



တရုတ်တောင်ပိုင်း အန်ဟွေးပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေကြီးမှုဖြစ်ပွားလျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။

(တရုတ်တောင်ပိုင်း၌ ဇူလိုင် ၁ရက်မှစပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ရေကြီးမှုဖြစ်ပွားစဉ် အနည်းဆုံး ၁၁၈ဦး သေဆုံးပြီး ၄၇ဦး ပျောက်ဆုံးနေကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

# အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ၂၄နာရီအတွင်း ကန်တပ်ဖွဲ့ဝင်ရှစ်ဦး တိုက်ပွဲဖြစ်စဉ်သေဆုံး

ကန်ဒါဟာ ဇူလိုင် ၁၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် ရဲစခန်းတစ်ခုအပြင်ဘက်၌ ကားဗုံးပေါက်ကွဲမှုနှင့် သေနတ် ပစ်ခတ်မှု အပါအဝင် တိုက်ပွဲများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးကြောင်း အရာရှိများက ဇူလိုင် ၁၃ရက်တွင် ပြောကြားသည်။

## ကြိုးစား

အသေခံကားဗုံးခွဲတိုက်ခိုက်မှုသည် အာဖဂန်အမျိုးသား ရဲတပ်ဖွဲ့ဌာနချုပ်ဂိတ်ပေါက်ဝတွင် ဇူလိုင် ၁၂ရက် နှောင်းပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး ၎င်းနှင့် မိနစ်အနည်းငယ်ကြာပြီးနောက် သူပုန်များသည် သေနတ်များ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်၍ ရဲစခန်းအတွင်းသို့ ဝင်ရောက်ရန် ကြိုးစားခဲ့ကြသည်။

## ဖော်ပြ

၎င်းတိုက်ပွဲတွင် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး၊ အာဖဂန်ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားငါးဦး သေဆုံးသွားသည်။ ထို့အပြင် အာဖဂန်တောင်ပိုင်းတွင် ဇူလိုင် ၁၃ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး တစ်နေ့တည်းမှာပင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးသွားသည်ဟု အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

# ကျွမ်းဘား စွမ်းရည်ပြသ

ရုရှားနိုင်ငံ မော်စကိုမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျွမ်းဘားအဖွဲ့မှ ကျွမ်းဘား ပညာရှင်များက သံကွင်းအတွင်း ဖြတ်ကျော်ခုန်ဝင်ခြင်း ကျွမ်းဘားစွမ်းရည် ပြသနေသည်ကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# တရုတ်၌ မြေပြို ၁၇ ဦးသေဆုံး ၄၄ ဦးပျောက်ဆုံး

ပေကျင်း ဇူလိုင် ၁၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပေါ်ပြီး ၁၇ဦး သေဆုံး၍ ၄၄ဦး ပျောက်ဆုံးနေကြောင်း တရုတ်သတင်းမီဒီယာများက ဇူလိုင် ၁၃ ရက်တွင် ဖော်ပြသည်။

## လုပ်ဆောင်

ကယ်ဆယ်ရေးသမားများသည် ယူနန်ပြည်နယ် ကူမင်းမြို့မြောက်ဘက်နှင့် စီချွမ်ပြည်နယ်ရှိ ဒေသသုံးခုတို့တွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

## ဖြစ်ပေါ်လာနိုင်

လာမည့်သုံးရက်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမည်ဖြစ်၍ ယန်စီမြစ်ရိုးတစ်လျှောက်ရှိ တရုတ်နိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ရေလွှမ်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း တရုတ်မိုးလေဝသဌာန၏ ပြောကြားချက်များကို ချိုင်းနားဒေးလီး သတင်းစာက ကိုးကားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

# ဖန်တွမ်အိုင်းစ် မောင်းသူမဲ့ လေယာဉ် ဘိုရင်းကုမ္ပဏီမှ ထုတ်လုပ်ပြသ

ဝါရှင်တန် ဇူလိုင် ၁၅

ဘိုရင်းကုမ္ပဏီမှ ထုတ်လုပ်သည့် မောင်းသူမဲ့ ဟိုက်ဒရိုဂျင်စွမ်းအားသုံး ထောက်လှမ်းရေး လေယာဉ်သည် လေးရက်ကြာ ဆက်တိုက် ပျံသန်းနိုင်ပြီး ''ဖန်တွမ်အိုင်းစ်'' ဟု အမည်ပေးထားကာ အမြင့်ပေ ၆၅၀၀၀အထိ ပျံသန်းနိုင်ကြောင်း ၎င်းကုမ္ပဏီက ဇူလိုင် ၁၅ရက်၌ ထုတ်ဖော်ပြောကြားသည်။

## ပေးပို့

အဆိုပါလေယာဉ်သည် ၂၀၁၁ခုနှစ် အစောပိုင်းက စတင်အသုံးပြုရန် ပြင်ဆင်ထားရှိပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားရှိ နာဆာအာကာသ သုတေသနစခန်းသို့ ပေးပို့မည်ဖြစ်သည်။

## ပြောကြား

ယင်းမောင်းသူမဲ့လေယာဉ်ကို ထောက်လှမ်းရေးလုပ်ငန်း၌ အဓိက အသုံးပြုနိုင်သည်ဟု ဘိုရင်းကုမ္ပဏီက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

# ဂျပန်၌ မိုးသည်းထန်

တိုကျို ဇူလိုင် ၁၅

ဂျပန်နိုင်ငံအနောက်ပိုင်း၌ ဇူလိုင် ၁၄ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ အမျိုးသမီး တစ်ဦး သေဆုံးပြီး သုံးဦးပျောက်ဆုံးကြောင်း အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

## သေဆုံး

ယင်းဖြစ်ပွားမှုသည် ဟီရိုရှီးမားမြို့၌ ရေလွှမ်းမှုကြောင့် ၎င်းအမျိုးသမီးသည် ရေနစ်မြုပ်ရာမှ ရေစီးတွင်မျောပါကာ မြစ်ကမ်းပါး၌ မေ့မြောနေရာမှ ဆေးရုံသို့ ရောက်ရှိစဉ် သေဆုံးခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ





# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## အီတလီ၌ အပူလှိုင်းဒဏ်ခံနိုင်ရေး ကြိုတင်ပြင်ဆင်

*အီတလီနိုင်ငံတစ်ဝန်းတွင် အပူလှိုင်းများကျရောက်နိုင်သည့်အတွက် အရေးပေါ် သတိပေးချက်များထုတ်ပြန်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် အရေးပေါ်ဖုန်းလိုင်းများကို ဇူလိုင် ၁၅ရက်မှစတင်ကာ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း အီတလီအရာရှိများ သတင်းထုတ်ပြန်သည်။*

## မြစ်ဝါမြစ်အတွင်းကန့်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မည်

***မြစ်ဝါမြစ်အတွင်း တောင်ကိုရီးယားရေတပ်နှင့်အတူ အမေရိကန်ရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ဇူလိုင် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။***

## ချီလီတောင်ပိုင်း၌ ငလျင်လေးကြိမ်လှုပ်

*ချီလီနိုင်ငံတောင်ပိုင်း ဘီအိုဒေသတွင် ဇူလိုင် ၁၅ရက်က ရစ်ချ်တာစကေး ၅ဒသမ ၈ရှိ ငလျင်လေးကြိမ်လှုပ်သွားခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း ချီလီအရာရှိများက သတင်းထုတ်ပြန်သည်။*

## တရုတ်နိုင်ငံ၌ အွန်လိုင်းသုံးစွဲသူ သန်း၄၂၀ခန့်ရှိ

***တရုတ်နိုင်ငံတစ်ဝန်းတွင် အွန်လိုင်းသုံးစွဲသူ ဦးရေမှာ စုစုပေါင်း သန်း၄၂၀ခန့်အထိ ရှိလာကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလ နောက်ပိုင်း သုံးစွဲသူ ၃၆သန်းခန့်တိုးလာကြောင်း၊ အင်တာနက်အခြေခံစီးပွားရေးလုပ်ငန်းများ တိုးတက်လာ၍ဖြစ်ကြောင်း တရုတ်အရာရှိများက ဇူလိုင် ၁၅ရက်၌ ပြောကြားသည်။***

## မလက္ကာရေလက်ကြား၌ ငါးဖမ်းသင်္ဘောမီးလောင်

*မလက္ကာရေလက်ကြားတွင် ငါးဖမ်းသင်္ဘောတစ်စင်းမတော်တဆဖြစ်ရပ်ကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ သင်္ဘောသား ရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း မလေးရှားကမ်းခြေစောင့်တပ်ဖွဲ့က ဇူလိုင် ၁၅ရက်၌ ပြောကြားသည်။*

## တရုတ်လေယာဉ် ကျောင်ချန်လေဆိပ်၌ အရေးပေါ်ဆင်းသက်

***တရုတ်နိုင်ငံဆော့ကဲသန်းလေကြောင်းမှ ခရီးသည် ၉၃ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၀ဦးကိုတင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်းသည် အူရမ်ကီမြို့မှ ကွမ်ကျိုးလေဆိပ်သို့ ဇူလိုင် ၁၅ရက်က ပျံသန်းလာစဉ် ဗုံးပါရှိကြောင်း သတင်းရရှိသဖြင့် ကျောင်ချန်လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ရှာဖွေစစ်ဆေးမှု ပြုလုပ်ခဲ့သော်လည်း ထူးခြားမှုမရှိကြောင်း ကျောင်ချန်လေဆိပ်လုံခြုံရေးအရာရှိများက ပြောကြားသည်။***

## ကျူးဘားနှင့်ဗင်နီဇွဲလား မြစ်အောက် ဖုန်းကြိုးချိတ်ဆက်မည်

*ကျူးဘားနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံတို့၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မြစ်ကြမ်းပြင်အောက် ဖုန်းကေဘယ်ကြိုး ချိတ်ဆက်မည်ဖြစ်ကြောင်း ဇူလိုင် ၁၅ရက်၌ ကျူးဘားဆက်သွယ်ရေးအရာရှိများက ပြောကြားသည်။*

## တရုတ်အရှေ့ပိုင်းနှင့် အလယ်ပိုင်း၌ မိုးသက်မုန်တိုင်းကျရောက်နိုင်

***တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများဖြစ်သော စီချွမ်၊ ဟီနန်၊ ရှန့်စီ စသည့် ပြည်နယ်များတွင် လာမည့်နှစ်ရက်အတွင်း မိုးသက်မုန်တိုင်းများကျရောက်နိုင်ကြောင်း တရုတ်မိုးလေဝသဌာနက ဇူလိုင် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။***



## အမေရိကန်၌ သံမဏိစက်ရုံ ပေါက်ကွဲ

*အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ကလီရာတန်မြို့တွင် သံမဏိစက်ရုံတစ်ရုံ ဇူလိုင် ၁၅ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ စက်ရုံအလုပ်သမား ၁၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်အရာရှိများက ဇူလိုင် ၁၅ရက်၌ ပြောကြားသည်။ ။*

***(အေပီပုံ) (အင်တာနက်)***

# တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းက နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် တည်ဆောက်လျက်ရှိသော အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

### တက်ရောက်

ထို့နောက် တိုင်းမှူးသည် နေပြည်တော်ပျဉ်းမနား တပ်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ စစ်သည်မိသားစုဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### စိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူးက စိန်ပန်းပင်ကို စိုက်ပျိုးပေးပြီးနောက် တာဝန်ရှိသူများနှင့် စစ်သည် မိသားစုဝင်များက သစ်ပင်များကို စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များက သင်ကြားရေး၊ စီမံရေးရာကိစ္စများနှင့် သုတေသန လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြား၍ သိပ္ပံလက်တွေ့ခန်းများ၌ သင်ထောက်ကူ ပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် သဃ်န်းကျွန်း ပညာရေးကောလိပ်၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကင်းပညာရေး ကောလိပ်တို့သို့ ရောက်ရှိပြီး သိပ္ပံလက်တွေ့ခန်းများနှင့် စာသင်ခန်းများအတွင်း သင်ကြားသင်ယူနေမှုများကိုကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

### ကြည့်ရှုစစ်ဆေး

ယင်းနောက် သန်လျင်မြို့နယ်ရှိ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်နှင့် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနတို့သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။

### တွေ့ဆုံဆွေးနွေး

ဝန်ကြီးသည် ဇူလိုင် ၁၁ရက် မွန်းလွဲပိုင်းက ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ရန်ကုန် ပညာရေးတက္ကသိုလ်၊ ရန်ကုန် စီးပွားရေး တက္ကသိုလ် (ကမာရွတ်နယ်မြေ)နှင့် ရန်ကုန် တက္ကသိုလ်ရှိ တက္ကသိုလ်များ သိပ္ပံ သုတေသနနှင့် ဝိဇ္ဇာခန်းမတို့သို့ သွားရောက်၍ သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ သုတေသန ပညာရှင်များနှင့် ဆရာ ဆရာမများအား တွေ့ဆုံဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**



# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ သင်တန်း ဖွင့်ပွဲတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဘသိန်းက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

### ဆွေးနွေးပို့ချ

ဆက်လက်၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်တို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်း တာဝန်များ၊ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေး ပို့ချပြီး မဲရုံသရုပ်ပြရှင်းလင်းပွဲကျင်းပသည်။

အဆိုပါသင်တန်းသို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၂၂၁ဦး တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# မိုးသောက်ပန်း ဂျာနယ်ထွက်ရှိ

*ရန်ကုန် ဇူလိုင် ၁၅*

*မြဝတီစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်း ဂျာနယ် ဇူလိုင် ၁၃ရက်ထုတ် အတွဲ (၁၃)၊ အမှတ် (၂၂)တွင် ကာတွန်း တင်အောင်နီ၏ ဘာဘ ဘာဘူ၊ ကာတွန်း သန့်စင်၏ ဘဲဥနှင့် စူပါမှုန်ကြီး၊ ကာတွန်းအကိန်း၏ ဖိုးရွှေယုန်၊ ကာတွန်းသိဂ္ဂ၏ ဘိန်းမုန့်နဲ့ ဟမ်ဘာဂါ၊ ကာတွန်းနေခြည်၏ ကြောင်ရုပ်ဆိုးနဲ့ ကြွက်ညီနောင်၊ ကာတွန်းကိုငယ်၏ ဖိုးကဲစိန်နှင့် လေးလေးပါနောက်၊ ကာတွန်း ဇော်တီ၏ ကြွက်ပေါ်နှင့် ကဗျာကဏ္ဍတွင် သိပ္ပံစိုးမြင့်နိုင်၏ ပန်းခူးလှူကြဝါဆိုလ၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ မိတ်ဆွေကို ရန်သူ၊ ရန်သူကို မိတ်ဆွေ ထင်သော လုလင်အကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခုပြိုင်ပွဲများနှင့်အတူ ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ်(၁၈၁) ၃၂လမ်း (အထက်) ပန်းဘဲတန်း မြို့နယ် ရန်ကုန်မြို့၊ အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်း မြို့နယ် ရန်ကုန်မြို့နှင့် ဖုန်း- ၃၇၁၂၄၄နှင့် ၅၅၈၂၇၃တို့သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)*

ဖခင်ကြီး ဗိုလ်မှူးအေးကြည် (ငြိမ်း)၏ (၄)နှစ်ပြည့်အား ရည်စူး၍ အမှတ်တရ ဒါနအဖြစ် ရန်ကုန်မြို့ သီတာလမ်း ကျောက်မြောင်း တာမွေ မြို့နယ်နေ ကိုရဲမြင့်အောင်၊ မမဋ္ဌူ (ကိုစိုးမြင့်အောင်)၊ မချယ်ရီ၊ ကိုကျော် သူရအောင် မောင်နှမတစ်စုက ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး သို့ ဇွန် ၂၈ရက်တွင် ထာဝရ ဆေးပဒေသာပင် အလှူငွေ ကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ် ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံစဉ်။

(သတင်းစဉ်)



# ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီကျွန်းပင်စိုက်ပျိုးပွဲ

## ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်စိုက်ပျိုးပေး

## တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ဖောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့်အတူ ယနေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဖူးကြီး-ဖောင်ကြီးလမ်း တောင်လှိုင်ရိုးမသစ်တောကြိုးဝိုင်း အကွက်အမှတ်(၁၈)၌ ကျင်းပသည့် တိုက်ကြီးမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီကျွန်းပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး မိုးရာသီကျွန်းပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ကျွန်းပျိုးပင်များကိုပေးအပ်ကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ တိုက်ကြီးတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### မှာကြား

ထို့နောက် ဖူးကြီး-ဖောင်ကြီးလမ်းရှိ တောင်လှိုင်ရိုးမကြိုးဝိုင်း ပျဉ်းကတိုးသစ်စေ့ထုတ်လုပ်ငန်း စိုက်ခင်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားပြီး ပျဉ်းကတိုးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာလမ်းတည်ဆောက်ခြင်း စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ အင်ဂျင်နီယာချုပ်၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကတ္တရာခင်းရန် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းခင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

## ကျွန်းပင်စိုက်ပျိုး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တိုက်ကြီးမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီကျွန်းပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းအား ယင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(စနေနေ့-နံနက်+နေ့လယ်+ည)**

၁၇-၇-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ ကြေညာချက် တရားတော် **(မင်္ဂလသုတ်)**
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သရဏဂုံ) တေးပဒေသာ ဘဝအသွင်ကဗျာ့အမြင် (မေတ္တာအိမ်) တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်- သရက်ပင်နှင့် ခွေးတောက်ပင်ပုံပြင်)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ **(တစ်သက်မှာတစ်ခါ ချစ်မင်္ဂလာ)** တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၅၈)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကြည်မြသည့်ဂီတ ဗီသသည့်အသံ အံ့ဝင်သည့်စာသား)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (အထက်တန်း- မြန်မာစာ) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ သူ့အကြိုက်သူ့အသွင် (ပုလဲဝင်း)
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (သတိပြုသင့်သော သန်ကောင်ရောဂါ) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ Radio Internet (22)
၂၁း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

# ဝန်ကြီး ဦးစိုးသိန်းအား အိန္ဒိယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

## စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရှေရှာဒရီသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအထောက်အပံ့ပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ

## အထကသုဝဏ္ဏ၌ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်ၤန်းကျွန်းမြို့နယ် အထကသုဝဏ္ဏကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ချို့တဲ့နွမ်းပါးသော မိသားစုများမှ ကျောင်းသားကျောင်းသူများအား သတ္တမအကြိမ်မြောက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက် နံနက် ၁၁ နာရီက ကွန်ပျူတာခန်း၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကဦးလှတင်၊ ဒေါ်ရီရီမြင့်နှင့်ဦးမြင့်စိုး၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် အတန်းမှူးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်မျိုး၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

### ပေးအပ်

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် ဥက္ကဋ္ဌ ဦးချစ်မျိုးတို့က အမှာစကားပြောကြားကြပြီး ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်စာရေးကိရိယာများ ပေးအပ်ကြသည်။ ဆက်လက်၍ သီရိသုဝဏ္ဏပညာခန်းမဆောင်ကြီး ပြန်လည်တည်ဆောက်ရေးအတွက် နာယကဦးမြင့်စိုးက ရှင်းလင်းတင်ပြသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ယခုနှစ်ပညာသင်နှစ်အစတွင် ကွံကော်ဆောင်ရှေ့ မြောင်းကူးကွန်ကရစ်တံတားကို တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဥတုရာသီ တောကိုမှီ၏

## သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဒေါ့ဖုန်းယန်မြို့နယ်၌ဆောင်ရွက်

**ဖန်းမော် ဇူလိုင် ၁၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်တွင် မိုးတွင်းကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ် တားဆီးရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်း ဦးဆောင်သောအဖွဲ့သည် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဇူလိုင် ၁ရက်က မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၅

**ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဇူလိုင် ၁၆ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

## ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး ဟုမ္မလင်း၌ဆောင်ရွက်

**ဟုမ္မလင်း ဇူလိုင် ၁၅**

ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများနှင့်အတူ ရပ်ကွက်နေပြည်သူများပူးပေါင်း၍ နောင်ပကျစ်ရပ်ကွက်အတွင်းရှိ ရေမြောင်းကြီးကို ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၂၀ရက်က ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အမှုဆောင်အရာရှိဦးမျိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက်လည်း ရပ်ကွက်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဈေး၊ ဌာနဆိုင်ရာရုံးများ၊ လူနေအိမ် အဆောက်အအုံများကိုလည်း ခြင်ဆေးများ ဖျန်းပက်ကြသည်။

**(မြို့နယ်စည်ပင်)**

**ဇူလိုင် ၁၄ရက်က ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဦးမောင်မောင်စိန် (မန်နေဂျင်းဒါရိုက်တာ ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေးလုပ်ငန်း)က ငွေနှင့်ဆေးဝါးများ ကျပ် ငါးသိန်းဖိုးလှူဒါန်းရာ ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။**

(ဘိုးဘွားရိပ်သာ)



## ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး

ရန်ကုန် ဇူလိုင် ၁၅

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ (၂၇)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး ပညာရည်ချွန်ဆုအတွက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်နှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တို့တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သားသမီးတို့၏ အမည်စာရင်း၊ အမှတ်စာရင်းမိတ္တူနှင့်အတူ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)ဥက္ကဋ္ဌ ဖုန်း-၅၇၇၀၇၆၊ ဦးအောင်မြင့်လွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၇၂၁၉၄၊ ဦးသန့်ကြီး အတွင်းရေးမှူး ဖုန်း-၅၃၉၇၅၈၊ ဦးအောင်မြင့် တွဲဖက်အတွင်းရေးမှူး(၁)၊ ဖုန်း-၅၄၁၆၃၈၊ ဦးကျော်အေး တွဲဖက်အတွင်းရေးမှူး(၂) ဖုန်း-၇၃၀၃၈၃၉၁ တို့သို့ ပေးပို့ရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို အသင်းတည်ရာ ဘီးလင်းတိုက်သစ်ကျောင်းသို့ ကြိုတင်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၀၃)



## ဝန်ကြီး ဦးသိန်းဇော်အား အိန္ဒိယနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri သည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

## ဒေါပုံမြို့နယ် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစန်းကိုက အမှာစကားပြောကြားသည်။ (အောက်ပုံ)

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါပုံမြို့နယ် တာဝန်ခံ ခရိုင်ဥပဒေအရာရှိ ဒေါ်အေးမြင့် တက်ရောက်ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစန်းကိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် သင်တန်းသား ၁၂၀ တက်ရောက်ကြသည်။

### ရှင်းလင်းပို့ချ

အခမ်းအနားတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်လုပ်ငန်းများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချပြီး ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲပေးပုံ သရုပ်ပြကြသည်။ (မြို့နယ် ပြန်/ဆက်)



## ယောနယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

ရန်ကုန် ဇူလိုင် ၁၅

ယောနယ်အသင်း၏ စုပေါင်းအလှူဒါနပွဲနှင့် ဓမ္မာရုံအတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်ပွဲကို (၁၃၇၂ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်) ဇူလိုင် ၂၅ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အဘိဓမ္မာရတနာဃရ ဗိမာန်တော်ကြီး၌ တပေါင်းတည်းကျင်းပမည်ဖြစ်သည်။

### လှူဒါန်းနိုင်

အသင်းဝင်များ၊ ယောနယ်သူ ယောနယ်သားများနှင့် သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုပါက အသင်းနာယကကြီး ဗိုလ်မှူးထင်မျိုး ဖုန်း-၆၆၀၄၇၀၊ ၆၉၅၅၄၀၊ ဥက္ကဋ္ဌဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)



## လှည်းကူးမြို့နယ် မဟူရာကြိုးဝိုင်းအတွင်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးတို့သည် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန မဟူရာသစ်တောကြိုးဝိုင်းအကွက်အမှတ် (၅၇၊ ၅၈) အတွင်း ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီတွင် စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၅၀၀၌ ကျွန်းပင်ပေါင်း ၂၇၀၀၀၀ စိုက်ပျိုးပြီးစီးမှုကိုကွင်းဆင်းစစ်ဆေးပြီး(အပေါ်ပုံ) လိုအပ်ချက်များကို ဖြည့်စွက် မှာကြားသည်။

### စိုက်ပျိုးထား

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ မဟူရာကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ၃၇၅၅ဧက စိုက်ပျိုးထားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)



တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝဏ္ဏမောင်နှင့် အဖွဲ့ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ဥပဒေကျောင်းသားဟောင်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

၁၉၈၂ မှ ၁၉၈၈ (၉၁) ဥပဒေပညာ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ဆပ်ကော်မတီက ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဥပဒေပညာ ကျောင်းသား ကျောင်းသူဟောင်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၁ရက် နံနက် ၈နာရီက ဗဟန်းမြို့နယ်ရှိ မြေပဒေသာကျွန်း ဒေါ်လ်ဖင်စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အစီအစဉ်အရ ၁၉၈၂မှ ၁၉၈၈(၉၁) ဥပဒေပညာ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက်၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မစုရည်ဝင်းအား ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး ကော်မတီဝင်များက လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

### ပေးအပ်

အဆိုပါ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲဆပ်ကော်မတီက (၆)ကြိမ်မြောက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲဖြစ်ကြောင်းနှင့်အာစရိယပူဇော်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပွဲ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဟောပြောပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၈ရက် ည ၈နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်း ထိန်းသိမ်းရေးတပ်ခွဲ(၂)မှ ရဲအုပ်ထွန်းထွန်းက နေပြည်တော်ခရိုင်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်း အကြောင်းအရင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ သေဆုံးမှုအခြေအနေ၊ လမ်းညွှန်ဆေးရေးအမှတ်အသားများနှင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်များအကြောင်းကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းဟောပြောခဲ့ရာ ဒေသခံပြည်သူများတက်ရောက်ကြပြီး နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အခမဲ့ဖြန့်ဝေသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ဘားအံ၌ အသိပညာပေးဟောပြော

ဘားအံ ဇူလိုင် ၁၅

ကရင်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဟောပြောပွဲကို ဇွန်လမှစတင်၍ ဘားအံမြို့ပေါ်ရှိ တက္ကသိုလ်အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၌ ရက်သတ္တတစ်ပတ်လျှင် နှစ်ကျောင်းနှုန်းဖြင့် လှည့်လည်ပညာပေး ဟောပြောလျက်ရှိရာ ဇူလိုင် ၆ရက်က ဘားအံကွန်ပျူတာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် ဘားအံယာဉ်ထိန်း တာဝန်ခံအရာရှိ ဒုတိယရဲမှူးစိန်ဝင်းကယာဉ်မောင်းနှင့် ဆိုင်ကယ်မောင်းနှင်သူများ သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ရှင်းလင်းဟောပြောသည်။ (ဝဲပုံ)



### ရှင်းလင်းဟောပြော

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးအေးသက်က ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း အကြောင်းအရင်းများနှင့် လမ်းညွှန် အမှတ်အသားများကို ရှင်းလင်းဟောပြောခဲ့သည်။ (မြို့နယ် ပြန်/ဆက်)



မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အထွက်နှုန်းကောင်း ဆင်းရတနာ(၁၂) နှမ်းခင်းကို ဤသို့ တွေ့ရသည်။

စိုက်ပျိုးမှု ကုန်ကျစရိတ်ကို ကာမိပြီး အကျိုးအမြတ် ပိုမိုဖြစ်ထွန်းခဲ့ကြသည်။

ဝါစိုက်ပျိုးရေးကိုပြန်ကြည့်ပါက ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုက အထွက်နှုန်းမြင့်မားသည့်အတွက် အောင်မြင်ဖြစ်ထွန်းခဲ့ကြရာ ဝါစိုက်တောင်သူများအနေဖြင့် လက်ဖျားရွှေသီးခဲ့ကြရပြီဖြစ်သည်။ အဆိုပါ ငွေချည်(၆) ဝါအမျိုးအစားသည် ဝါထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေး အရည်အသွေးကောင်းမွန်ခြင်း၊ ဂွမ်းထွက်နှုန်း-ဂွမ်းထွက်အောင်တန်း ကောင်းမွန်ခြင်း၊ မိုးကြို၊ မိုးနှောင်း ရာသီမရွေး စိုက်ပျိုးနိုင်ခြင်း၊ လက်ရှိ ဝါစိုက်ပျိုးသည့် ဒေသအားလုံး၌ စိုက်ပျိုးဖြစ်ထွန်းပြီး ကျယ်ပြန့်သော ဒေသနှင့်ကိုက်ညီမှုရှိခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ ဝါအရည်အသွေး အတန်းအစားပိုမိုကောင်းမွန်သဖြင့် ဈေးနှုန်းပိုမိုရရှိခြင်း၊ စိုက်ပျိုးပြီးချိန်မှစ၍ ဝါအထွက်နှုန်းကောင်းရန်နှင့် အကျိုးအမြတ်ရရှိရန် သေချာခြင်း စသည့် ထူးခြားသောအရည်အချင်းနှင့် လက္ခဏာများကြောင့် ယင်းဝါအမျိုးအစားကို ဝါစိုက်တောင်သူတို့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခဲ့ကြသည်။

## ရေပန်းစားလာ

၂၀၀၆-၂၀၀၇ခုနှစ်စိုက်ပျိုးရာသီ၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ၆၄၈ဧကသာ စိုက်ပျိုးခဲ့ရာမှ အထက်ပါ ထူးခြားသည့်အရည်အချင်း လက္ခဏာများကြောင့် ဝါစိုက်တောင်သူများကြားတွင် အချိန်တိုအတွင်း ရေပန်းစားလာခဲ့ပြီး ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် ၂၁၄၄၉ဧက၊ ၂၀၀၈-၂၀၀၉ ခုနှစ် စိုက်ပျိုးရာသီတွင် ၂၆၀၃၉၉ဧကနှင့် ယခု၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီတွင် ၆၆၁၄၁၃ဧကအထိ တစ်နှစ်ထက်တစ်နှစ် အမြောက်အမြား တိုးတက်စိုက်ပျိုးလာခဲ့ကြပေသည်။

အခြားဝါမျိုးများကမူ တစ်ဧကမှ ပန်းတိုင်အထွက်နှုန်း ပိဿာ ၃၀၀၊ ၄၀၀ သာထွက်ရှိပြီး ငွေချည်(၆) ဝါအနေဖြင့် တစ်ဧကလျှင် ပိဿာ တစ်ထောင်ကျော် ထွက်ရှိခဲ့၍ ယခုအခါ ဝါစိုက်တောင်သူအားလုံးနီးနီး ငွေချည်(၆)ဝါကိုသာ ပြောင်းလဲစိုက်ပျိုးခဲ့ကြပြီး လက်ဖျားတွင်ငွေသာမက ရွှေပါသီးခဲ့သဖြင့် ငွေချည်(၆)ဝါကို ရွှေချည်(၆)ဝါဟုပင် တင်စားနေကြရပြီဖြစ်သည်။

စပါး၊ ပဲမျိုးစုံသာမက အဓိကသီးနှံ ၁၀မျိုးအနက်မှ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ပြည်နယ်နှင့်တိုင်းအလိုက် နိုင်ငံတော်က စီမံကိန်းချမှတ်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ဧရာဝတီတိုင်းကို နိုင်ငံတော်၏ စပါးကျီဟူ၍လည်းကောင်း၊ တနင်္သာရီတိုင်းနှင့်မကွေးတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဟူ၍လည်းကောင်း၊ မွန်ပြည်နယ်ကို ရော်ဘာပြည်နယ်၊ ရခိုင်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ်၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ် စသည်ဖြင့်လည်းကောင်း တင်စားသတ်မှတ်ခေါ်ဝေါ်ရသည်အထိ ဒေသအလိုက် အသီးသီး အောင်မြင်ဖြစ်ထွန်းခဲ့ပေပြီ။

## အောင်မြင်ဖြစ်ထွန်းလာ

စိုက်ပျိုးရေးသာမက စိုက်ပျိုးရေးနှင့်မွေးမြူရေး အပြန်အလှန်အမှီသဟဲပြု အကျိုးကျေးဇူးတို့ စုရုံးဖြစ်ပေါ်ရာ ကြက်ခြံ၊ ဝက်ခြံ၊ ဆိတ်ခြံ၊ ငါးကန်များဖြင့် တွဲဖက်ထားသည့် ဘက်စုံပေါင်းစည်းလယ်ယာများသည်လည်း ကျေးလက်တိုင်းတွင် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပေပြီ။ မိရိုးဖလာလုပ်ငန်းတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ အရင်းအနှီးထည့်ဝင်မ,တည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကခေတ်မီ ပေါင်းစည်းလယ်ယာများလည်း ဒေသအလိုက် ပေါ်ထွန်းလာခဲ့ပြီဖြစ်ရာ မူလက ကျေးလက်များ၌ ဒေသကြက်များကို တစ်အိမ်ထောင် ကြက်ဖတစ်ကောင် ကြက်မကိုးကောင် မွေးမြူခဲ့ကြသည့် ပြည်တွင်းစားသုံးမှုအဆင့်မှ တစ်ဆင့်တက်ကာ ငါးကန်များ၊ ပုစွန်ကန်များပါဝင်သည့် မွေးမြူရေးဇုန်များ၊ ခေတ်မီ မွေးမြူရေးခြံကြီးများဖြင့် ဥစား ကြက်၊ အသားတိုးကြက်၊ ဘဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ကျွဲ၊ နွားများကို စီးပွားဖြစ် မွေးမြူနိုင်ကြပြီး နိုင်ငံတော်၏ တိုးတက်လာသော လူဦးရေနှင့် လိုက်ဖက်ညီစွာ သား၊ ငါးကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်သာမက ပြည်ပသို့ပါ တင်ပို့နိုင်သည်အထိ အောင်မြင်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

## အကောင်အထည်ဖော်ဆောင်ရွက်

ယခင်က မွေးမြူရေးဇုန်ဟူ၍မရှိခဲ့သော်လည်း ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းစေရန်အတွက် တိရစ္ဆာန်မွေးမြူရေးဇုန်များအဖြစ် ကြက်မွေးမြူရေးဇုန် ၁၉ဇုန်၊ ဘဲမွေးမြူရေးဇုန် နှစ်ဇုန်၊ ငုံးမွေးမြူရေးဇုန် တစ်ဇုန်၊ ဝက်မွေးမြူရေးဇုန် ကိုးဇုန်၊ သိုးမွေးမြူရေးဇုန် နှစ်ဇုန်၊ ဆိတ်မွေးမြူရေးဇုန်



နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေသည့် ပြည်ပဈေးကွက်သို့ တင်ပို့မည့် ငါးရှဉ့်များကို ဤသို့ တွေ့ရသည်။

ရှစ်ဇုန်နှင့် နွားမွေးမြူရေးဇုန် ၁၂ဇုန် စုစုပေါင်း မွေးမြူရေးဇုန်ကြီး ၅၃ဇုန်တို့ကို လုပ်ငန်းစီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## အထောက်အကူပြု

ငါးမွေးကန်များ တိုးချဲ့ဆောင်ရွက်မှုအနေဖြင့် ၁၉၈၈ခုနှစ်ကာလတွင် ငါးမွေးကန်ပေါင်း ဧက ၆၃၀၀ သာရှိခဲ့သော်လည်း ယခုအခါ ငါးမွေးကန်ဧက စုစုပေါင်း ၂၁၇၈၃၆ဧကအထိ တိုးချဲ့မွေးမြူ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ဤသို့ ငါးမွေးကန်များတိုးချဲ့နိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာသည့်အပြင် စားဝတ်နေရေးကိုပါ အထောက်အကူပြု ရရှိစေခဲ့သည်။ စပါး၊ ငါး တွဲဖက်စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း ကျေးလက်ပြည်သူများ စပါးလည်းရ၊ ငါးလည်းရကာ အကျိုးစီးပွားဖြစ်ထွန်းခဲ့ကြသည်။

ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍ ၁၉၈၈ခုနှစ်အထိ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ယခုအခါ စုစုပေါင်း ၂၂၄၈၆၈ ဧကအထိ တိုးချဲ့မွေးမြူထုတ်လုပ် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ကဏန်းမွေးမြူရေးကန် ၄၆၂၆ ဧကနှင့် ကင်းပုစွန်၊ ကျောက်ပုစွန်မွေးမြူရေးကန် ၁၄ ဧကတို့ကိုလည်း မွေးမြူထုတ်လုပ်လျက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*



တင်းထောင်ပေါင်း ၇၇၃၅ သာရှိခဲ့ရာမှ ယနေ့အခါ စိုက်ပျိုးဧက ၈၉၆၅၀၁ နှင့် ထွက်ကုန်တင်းထောင်ပေါင်း ၄၉၉၁၈အထိလည်းကောင်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။

ဟင်းမွှေးပင်သီးနှံမှငရုတ်ကောင်းအနေဖြင့် ယခင်က စိုက်ပျိုးဧက ၈၅၉ နှင့် ထွက်ကုန်ပိဿာထောင်ပေါင်း ၁၃၁ သာရှိခဲ့ရာမှ လက်ရှိကာလတွင် စိုက်ပျိုးဧက ၁၁၃၅၃၅နှင့်ထွက်ကုန်တင်းထောင်ပေါင်း ၁၁၅၈၆၁အထိ တိုးတက်လာခဲ့သည်။

## တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၀-၂၀၁၁ခုနှစ်တွင် စက်မှုသီးနှံများဖြစ်သည့် ဆီအုန်း၊ လက်ဖက်၊ ကော်ဖီ၊ ချက်ကြံ၊ ဝါနှင့် ရော်ဘာစိုက်ခင်းများကို ဧကပေါင်း ၃၁၂၉၉၅၆အထိ လည်းကောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းနှင့် ပန်းနှမ်းစိုက်ခင်းများကို ဧကပေါင်း ၉၁၁၀၈၉၄ အထိလည်းကောင်း၊ နှံစားသီးနှံများဖြစ်သည့် စပါးနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများကို ဧကပေါင်း ၂၁၄၀၉၆၇၁ အထိလည်းကောင်း၊ ဟင်းမွှေးပင်သီးနှံဖြစ်သည့် ငရုတ်ကောင်းစိုက်ခင်းကို ဧကပေါင်း ၁၁၅၈၆၁အထိလည်းကောင်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။

နှစ်ရှည် သီးနှံကဏ္ဍတွင်လည်း ရွှေဖြူဟု တင်စားခေါ်ဝေါ်ကြသည့် ရော်ဘာကို ရာသီဥတုနှင့်ကိုက်ညီသည့် ဒေသအသီးသီး၌ စိုက်ပျိုးခဲ့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ၁၉၈၈ခုနှစ်မတိုင်မီက ရော်ဘာစိုက်ဧက၁၉၁၉၁၆ ဧကသာရှိခဲ့ရာမှ လက်ရှိကာလတွင် ရော်ဘာစိုက်ဧက ၁၁၄၃၇၁၂ ဧကအထိ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် ရော်ဘာပင်တန်းကြားများ၌ ဝင်ငွေရ ကြားသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ဖရဲ၊ ဝ ဥနှင့်ပိန်းအပါအဝင် ဟင်းသီးဟင်းရွက်များကိုလည်း အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ခဲ့ကြရာ စိုက်ပျိုးသူများအနေဖြင့် နှစ်ရှည်ရော်ဘာ

### ဆီအုန်း စိုက်ခင်း

တနင်္သာရီတိုင်းအတွင်း စိုက်ပျိုးထားသော ဆီအုန်းစိုက်ခင်းကို ဝေဟင်မှ ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

### စီးပွားဖြစ် မွေးမြူ

ပဲခူးတိုင်း သနပ်ပင်မြို့နယ်ရှိ စီးပွားဖြစ် မွေးမြူထားသော ဘဲများကို တွေ့ရစဉ်။



16-7 (08-09).pmd 2 7/16/2010, 12:46 AM

စာမျက်နှာ ၉ မှ

ရေမြေသဘာဝအခြေအနေပေးသော နေရာဒေသများမှ မွေးမြူရေးကန်များအနေဖြင့် ယခင်ကနှင့်မတူ တစ်မူခြားနားစွာ တိုးပွားလာခဲ့သည်။ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးများကိုလည်းကောင်း၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသည့် နည်းပညာများကိုလည်းကောင်း ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးကိုပါ ယှဉ်တွဲဆောင်ရွက်ပေးနေသဖြင့် သား၊ ငါးကဏ္ဍ တိရစ္ဆာန်မွေးမြူမှုပါ မြင့်တက်လာခဲ့သည်။

## ကြိုးပမ်းဆောင်ရွက်

သား၊ ငါး ကဏ္ဍထုတ်လုပ်မှုအနေဖြင့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် အသား စုစုပေါင်း ပိဿာ သိန်းပေါင်း ၁၀၉၉၃ ဒသမ ၇၁ ထုတ်လုပ်နိုင်ခဲ့ပြီး ရေချို၊ ရေငန် ငါး၊ ပုစွန်အနေဖြင့် ပိဿာသိန်းပေါင်း ၂၄၀၀၂ ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၁၀-၂၀၁၁ခုနှစ် ငါး၊ ပုစွန်ထုတ်လုပ်မှုရည်မှန်းချက်အနေဖြင့် ပိဿာသိန်းပေါင်း ၂၄၅၁၀အထိ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင်ကအသားကို ပြည်ပသို့ တင်ပို့နိုင်မှုမရှိခဲ့သော်လည်း ယခုအခါ ပြည်ပသို့ပါ ဈေးကွက်ချဲ့ထွင် ခြေလှမ်းဝင်နိုင်ခဲ့ပြီဖြစ်ရာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် အေးခဲအမဲသား တန် ထောင်ပေါင်း ၅ ဒသမ ၈၀၂၊ ငါးမျိုးစုံ တန် ထောင်ပေါင်း ၁၂၂ ဒသမ ၄၀၃၊ ပုစွန် တန် ထောင်ပေါင်း ၂ ဒသမ ၉၄၅ နှင့် ကဏန်း တန် ထောင်ပေါင်း ၈ ဒသမ ၃၈၃တို့ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့် မိသားစုတစ်ပိုင်တစ်နိုင်မှ ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် မွေးမြူရေးဇုန်ကြီးများအထိ တိုးတက်လုပ်ကိုင်နိုင်ခဲ့ပြီဖြစ်သည်။ ထို့နည်းတူ ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်ပြီဖြစ်သဖြင့် ပြည်ပပို့ကုန်တင်ပို့နိုင်မှုအတွက် အလားအလာကောင်းများ ရရှိလာခဲ့သည်။ ထိုသို့ ရရှိလာသည့် စီးပွားရေးအလားအလာကောင်းများကို ပိုမိုတိုးတက်ရရှိမှု မြင့်မားလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## တိုးတက်ပြောင်းလဲ

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့မှုများသည် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အတွက် ခိုင်ခံ့သော အခြေခံအုတ်မြစ်များသာဖြစ်ပေသည်။ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ဆည်တမံများ တည်ဆောက်ပေးခြင်းအပြင် စိုက်ဧကများ တိုးချဲ့နိုင်ခြင်း၊ တစ်ဧကထွက်နှုန်း ကောင်းအောင် မျိုးကောင်းမျိုးသန့်များ အစားထိုးစိုက်ပျိုးစေခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးနိုင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသည်။

ထို့အတူ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ သား၊ ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးခြင်း၊ သား၊ ငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ထွန်းကားလာစေရန် ဆောင်ရွက်ခြင်း၊ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်နှင့် ငါးပုစွန်မွေးမြူထုတ်လုပ်သူများ၏ လူမှုစီးပွားရေး အဆင့်အတန်းမြှင့်တင်ပေးရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် မြန်မာ့သား၊ ငါးကဏ္ဍသည်လည်း မြင့်မားတိုးတက်လာခဲ့သည်။

## မြော်မြင်တွက်ဆ

ဤသို့ဖြစ်ပေါ်လာရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်ချင်းယှက်သွယ်၊ အားချင်းနွှယ်လျက် ဆောင်ရွက်ခဲ့ရပေသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ဒေသအလိုက် ဝမ်းစာဖူလုံအောင် ဖော်ဆောင်ပေးနိုင်ရေး၊ ဘက်စုံသီးနှံစိုက်ပျိုးမှုဖြစ်ထွန်းရေးအတွက် တစ်ခေတ်ဆန်းသစ်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် မွေးမြူရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးကဏ္ဍနည်းတူ ထပ်ကြပ်မကွာ လိုက်ပါလှမ်းချီ ဟန်ချက်ညီအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုကဲ့သို့ သီးနှံသားငါး ထုတ်လုပ်မှုကဏ္ဍ မြင့်မားလာခြင်းသည် ရေသယံဇာတ၊ မြေသယံဇာတ ကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း နောင်လာနောက်သားများ စားသုံးနိုင်သည်အထိ မြော်မြင်တွက်ဆလျက် ကြိုးစားလုပ်ဆောင်ပေးခဲ့သော နိုင်ငံတော်၏ စေတနာနှင့် ပြည်သူများ၏ စွမ်းဆောင်နိုင်မှုများကြောင့်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ်ရှိ ကန် (၁၀၀)ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးထုတ်ကုန် သမဝါယမအသင်းလီမိတက်၏ ငါးမွေးမြူရေးကန်အတွင်းမှ ငါးများကို ရေလုပ်သားများ ဖမ်းယူနေကြသည်ကို ဤသို့ တွေ့ရသည်။

## မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

| စဉ် | အမျိုးအမည် | ၁၉၈၈-၁၉၈၉ခုနှစ် | | ၂၀၀၉-၂၀၁၀ခုနှစ် | | ၂၀၁၀-၂၀၁၁ခုနှစ် |
|---|---|---|---|---|---|---|
| | | စိုက်ပျိုးဧက | ထွက်ရှိပမာဏ (ထောင်ပေါင်း) | စိုက်ပျိုးဧက | ထွက်ရှိပမာဏ (ထောင်ပေါင်း) | လျာထားစိုက်ပျိုးဧက |
| | **စက်မှုသီးနှံ** | | | | | |
| ၁ | ဆီအုန်း | ၁၈၄၉၃ | ၈.၀၆တန် | ၂၇၇၁၂၀ | ၂၄၅တန် | ၃၀၄၁၂၀ |
| ၂ | လက်ဖက် | ၁၄၃၇၄၆ | ၂၉၉၁၈ပိဿာ | ၂၂၉၅၇၇ | ၅၇၆၄၃ပိဿာ | ၂၃၀၈၃၇ |
| ၃ | ကော်ဖီ | ၃၃၈၁၁ | ၉၆၁ပိဿာ | ၆၀၂၂၁ | ၄၃၇၄ပိဿာ | ၆၀၈၄၈ |
| ၄ | ချက်ကြံ | ၁၂၃၂၂၇ | ၂၁၆၁တန် | ၃၉၅၆၅၃ | ၉၅၆၁တန် | ၄၁၂၆၇၂ |
| ၅ | ဝါ | ၄၄၃၁၈၀ | ၃၆၉၁၅ပိဿာ | ၈၈၈၀၁၈ | ၃၂၀၂၉၃ပိဿာ | ၉၀၃၃၀၀ |
| ၆ | ရော်ဘာ | ၁၉၁၉၁၆ | ၃၁၆၉၅ပေါင် | ၁၁၄၃၇၁၂ | ၂၄၇၀၉၁ပေါင် | ၁၂၁၇၁၇၉ |
| | **ဆီထွက်သီးနှံ** | | | | | |
| ၇ | မြေပဲ | ၁၃၅၅၂၀၁ | ၃၈၆၄၁တင်း | ၂၁၄၁၀၉၅ | ၁၂၀၁၁၃တင်း | ၂၁၄၂၉၇၆ |
| ၈ | နှမ်း | ၂၉၉၄၃၇၂ | ၅၉၁၃တင်း | ၄၀၃၈၄၇၇ | ၃၅၂၃၉တင်း | ၄၀၈၉၇၅၂ |
| ၉ | နေကြာ | ၅၂၃၅၆၂ | ၈၈၇၁တင်း | ၂၁၈၁၇၈၀ | ၅၃၈၇၅တင်း | ၂၂၃၅၁၉၇ |
| ၁၀ | မုန်ညင်း | ၄၃၁၉၄ | ၃၂၁တင်း | ၂၄၆၇၄၇ | ၃၃၁၁တင်း | ၂၅၃၃၀၆ |
| ၁၁ | ပန်းနှမ်း | ၉၅၈၃၇ | ၃၃၉တင်း | ၃၈၅၃၄၆ | ၄၀၀၅တင်း | ၃၈၉၆၆၃ |
| | **နှံစားသီးနှံ** | | | | | |
| ၁၂ | စပါး | ၁၁၈၀၇၁၆၀ | ၆၃၀၉၂၅တင်း | ၁၉၉၃၂၇၀၂ | ၁၅၁၁၉၄၈တင်း | ၂၀၄၅၉၀၃၃ |
| ၁၃ | အစေ့ထုတ်ပြောင်း | ၃၄၀၆၄၅ | ၇၇၃၅တင်း | ၈၉၆၅၀၁ | ၄၉၉၁၈တင်း | ၉၅၀၆၃၈ |
| | **ဟင်းမွှေးပင်သီးနှံ** | | | | | |
| ၁၄ | ငရုတ်ကောင်း | ၈၅၉ | ၁၃၁ပိဿာ | ၁၁၃၅၃၅ | ၅၅၉၄ပိဿာ | ၁၁၅၈၆၁ |

## မြန်မာနိုင်ငံ၏ စိုက်ပျိုးသီးနှံများ ပြည်ပတင်ပို့နိုင်မှုအခြေအနေ နှိုင်းယှဉ်ချက်

| စဉ် | အမျိုးအမည် | ပြည်ပတင်ပို့မှု မက်ထရစ်တန် (ထောင်ပေါင်း) | |
|---|---|---|---|
| | | ၁၉၈၈-၁၉၈၉ခုနှစ် | ၂၀၀၉-၂၀၁၀ခုနှစ် |
| ၁ | ဆန် | ၄၇.၈ | ၈၁၈.၁ |
| ၂ | ပြောင်း | ၀.၉ | ၁၁.၅ |
| ၃ | မတ်ပဲ | ၁၂.၂ | ၆၁၅.၈ |
| ၄ | ပဲတီစိမ်း | ၀.၅ | ၃၀၃.၆ |
| ၅ | ပဲစင်းငုံပါ အခြားပဲမျိုးစုံ | ၄.၄ | ၂၆၆.၃ |
| ၆ | နှမ်း | - | ၂၄.၄ |
| ၇ | နေကြာ | - | ၄.၈ |
| ၈ | ရော်ဘာ | ၂.၃ | ၄၁.၁ |

## ငါးပုစွန် မွေးမြူရေးကန် ဆောင်ရွက်ထားရှိမှုအခြေအနေ နှိုင်းယှဉ်ချက်

| စဉ် | အကြောင်းအရာ | မွေးမြူရေးကန် (ဧက) | |
|---|---|---|---|
| | | ၁၉၈၈-၁၉၈၉ခုနှစ် | ၂၀၀၉-၂၀၁၀ခုနှစ် |
| ၁ | ငါးမွေးမြူရေးကန် | ၆၃၀၀ | ၂၁၇၈၃၆ |
| ၂ | ပုစွန်မွေးမြူရေးကန် | - | ၂၂၄၈၆၈ |
| ၃ | ကင်းပုစွန်၊ ကျောက်ပုစွန် မွေးမြူရေးကန် | - | ၁၄ |
| ၄ | ကဏန်းမွေးမြူရေးကန် | - | ၄၆၂၆ |
| | စုစုပေါင်း (ဧက) | ၆၃၀၀ | ၄၄၇၃၄၄ |

## တိရစ္ဆာန်မွေးမြူရေးဇုန်များ တည်ဆောက်ထားရှိမှုအခြေအနေ

| စဉ် | အကြောင်းအရာ | တိရစ္ဆာန်မွေးမြူရေးဇုန် | |
|---|---|---|---|
| | | ၁၉၈၈-၁၉၈၉ခုနှစ် | ၂၀၀၉-၂၀၁၀ခုနှစ် |
| ၁ | ကြက်မွေးမြူရေးဇုန် | - | ၁၉ |
| ၂ | ဘဲမွေးမြူရေးဇုန် | - | ၂ |
| ၃ | ငုံးမွေးမြူရေးဇုန် | - | ၁ |
| ၄ | ဝက်မွေးမြူရေးဇုန် | - | ၉ |
| ၅ | သိုးမွေးမြူရေးဇုန် | - | ၂ |
| ၆ | ဆိတ်မွေးမြူရေးဇုန် | - | ၈ |
| ၇ | နွားမွေးမြူရေးဇုန် | - | ၁၂ |
| | စုစုပေါင်း (ဇုန်) | - | ၅၃ |



နေပြည်တော်တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းကျေးရွာ၌ ဒေသခံပြည်သူများ ဆိတ်များကို ဤသို့ တစ်ပိုင်တစ်နိုင် မွေးမြူထားသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

## တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဌာနဆိုင်ရာများ၊ အရာရှိ၊ စစ်သည်များနှင့် ရဲမေများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**အမှာစကားပြောကြား**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဦးစီးအရာရှိ မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား

## ဝန်ကြီးသူရဦးအေးမြင့် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရ ဦးအေးမြင့်သည် ဇူလိုင်၁၂ရက် နံနက်ပိုင်းက အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ သင်တန်း ခန်းမ၌ ကျင်းပသော အားကစားနှင့်ကာယ ပညာဦးစီးဌာနဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

**မှာကြား**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများဆောင်ရွက် အကောင်အထည်ဖော်ရာတွင် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်၊ မျိုးဆက်သစ်များ ရှာဖွေပြုစုပျိုးထောင်ရေးလုပ်ငန်းများသည် အဓိကကျအရေးပါသော လုပ်ငန်းဖြစ်သကဲ့သို့ အရည်အချင်းပြည့်ဝသည့် ထူးချွန်ထက်မြက်သော အားကစားဆိုင်ရာ စီမံခန့်ခွဲသူများ၊ နည်းပြကောင်းများ ပြုစုပျိုးထောင်ရေးလုပ်ငန်းကလည်း အရေးပါသည့် လုပ်ငန်းဖြစ်သည့်အတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်း နှစ်ခုလုံးကို ဟန်ချက်ညီညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သည့် အနေဖြင့် ဤသင်တန်းကို ဖွင့်လှစ် ပို့ချပေးရခြင်းဖြစ်ကြောင်း မှာကြားသည်။

**ရက်သတ္တလေးပတ်**

အဆိုပါ သင်တန်းသို့ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သင်တန်းသား သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း

## ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၌ဖွင့်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၁ရက် နံနက် ၈ နာရီက စမ်းချောင်းမြို့နယ် အထက(၂) စပယ်ခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြင့်၊ အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကြည်စန်းနှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ရှင်းလင်း**

ရှေးဦးစွာ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးချစ်နိုင် **(အပေါ်ပုံ)**က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး စမ်းချောင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးစိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့မှ သင်တန်းသား၁၇၇ဦး တက်ရောက်ကြသည်။ **(၁၀၃)**

# မြဝတီရုပ်မြင်သံကြား

**၁၆-၇-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၅။ မဟာဂီတ ချိုကြည်မြ
- ၅:၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **လွင်ပြင်ထဲကခြသေ့်များ** (အပိုင်း-၂)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ သာရင်နှင့်မြို့ပြခရီး (အပိုင်း-၁) မေတ္တာ၊ ပေါ်လေး၊ ဝင်းသပြေထွန်း (ဒါရိုက်တာ-မိုးဇော်ကို)
- ၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၂၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသော သီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၃၆)
- ၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်

# TV Guide ထုတ်ဝေဖြန့်ချိ

***ရန်ကုန် ဇူလိုင် ၁၅***

*၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၆)ကို ဇူလိုင် ၁၅ရက်တွင် စတင်ဖြန့်ချိလိုက်ကြောင်း သိရသည်။*

*ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၌ နာမည်ကျော်ကြားသူများ၏ ကွာရှင်းပြတ်စဲမှုများအကြောင်း တင်ဆက်ပေးမည့် 40 Most Shocking Hollywood Divorces အစီအစဉ်နှင့် ကမ္ဘာ့နေရာအနှံ့မှ အလှအပများအား ရှာဖွေမည့် Jessica Simpson's The Price of Beauty အစီအစဉ်၊Lady Gaga ၏ ဂီတဗီဒီယိုအသစ်ဖြစ်သည့် Alejandro ကို ကြည့်ရှုရမည့် [V] Plug အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင် 12 Rounds, Notorious, Die Hard 2, Picture Perfect စသည့် ဇာတ်ကားများအပါအဝင် အမျိုးအစားစုံလင်သည့် စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ ကလေးများကြိုက် Cartoon Network ရုပ်သံလိုင်း၏ အစီအစဉ်များ၊ Star World တွင် ပြသမည့် Australia's Next Top Model အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အကြီးဆုံးသဲကန္တာရ ဖြစ်ပေါ်လာသည့် အကြောင်း တင်ဆက်ပေးမည့် Sahara အစီအစဉ်နှင့် တိရစ္ဆာန်နှင့် လူသားများအကြား သံယောဇဉ်ကို တွေ့မြင်နိုင်မည့် My Life is A Zoo အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် ဘော်နီယိုကျွန်းဆွယ်မှ စပါးအုံးမြွေကြီးအကြောင်း တင်ဆက်ပေးမည့် Austin Stevens: Most Dangerous အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ကမ္ဘာပေါ်ရှိ အံ့သြဖွယ်ကောင်းသည့် သဘာဝအလှ တရားများအား တင်ဆက်ပေးမည့် Globe Trekker 12 အစီအစဉ်နှင့် အချက်အပြုတ်ဝါသနာရှင်များအတွက် ရည်ရွယ်တင်ဆက်ပေးသည့် Rocco Gets Reals အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် အလက်စကာ ငါးဖမ်းသင်္ဘောနစ်မြုပ်ပုံ ဖြစ်ရပ်မှန် မှတ်တမ်းအား တင်ဆက်ပြသမည့် May Day, Bering Sea အစီအစဉ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်ပွဲများ၏ လျှို့ဝှက်ချက်များအား တင်ဆက်ပေးမည့် World War II In Colour၊ မြန်မာစကားပြော မြန်မာစာတန်းထိုးများဖြင့် ကြည့်ရှုရမည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များအကြောင်း၊ ထူးချွန်သည့် အားကစားသမားများအား အသိအမှတ်ပြု 2010 ESPY ဆုပေးပွဲအား ကြည့်ရှုရမည့် ESPN ရုပ်သံလိုင်းနှင့် Moto GP World Championship 2010 အစီအစဉ်အား ပြသမည့် Star Sports ရုပ်သံလိုင်း၊ မြန်မာစာတန်းထိုး မြန်မာစကားပြောများဖြင့် ကြည့်ရှုရမည့် Multi Max ရုပ်သံလိုင်းမှ အစီအစဉ်များ၊ 5Movies, 5 Series, 5 Series II, 5 Cartoon ရုပ်သံလိုင်းများမှ အစီအစဉ်ကောင်းများ၊ Mandalay FM တွင် နားဆင်ရမည့် ထွန်းထွန်းနှင့် သျှီတို့၏ ရောက်တတ်ရာရာ အစီအစဉ်၊ MRTV-4 မှ အပတ်စဉ် ကြာသပတေးနေ့ နံနက်တိုင်း ထုတ်လွှင့်ပေးမည့် အစီအစဉ်သစ် တစ်ခုဖြစ်သည့် Science For All အစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားတွင် ပြသပေးမည့် ဇာတ်လမ်းတွဲအသစ်များအကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာ အစီအစဉ် အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြား အစီအစဉ်၏ ၁၅ရက်စာ အစီအစဉ်အချိန် ဇယားများပါဝင်သည်။*

*၁၅ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို ရောင်းဈေး ငွေကျပ် ၅၀၀ဖြင့် Novel Light Express ဖြန့်ချိရေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။* ***(သတင်းစဉ်)***

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု

## မြဝတီ၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး



**မြဝတီ ဇူလိုင် ၁၅**

မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ရက်က မြဝတီမြို့နယ် မေတ္တာလင်းမြိုင် ကျေးရွာ၌ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ရပ်ကွက်၊ ကျေးရွာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များကိုပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများက လက်ခံယူသည်။

**စုပေါင်းစိုက်ပျိုး**

ဆက်လက်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်ထွန်းဦးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုးနှင့် ပန်းအလှပင် စုစုပေါင်း အပင် ၄၂၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

**ရန်ကုန်တိုင်း ယာဉ်လိုင်းလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးတင်အောင်နှင့်အဖွဲ့ ဦးဆောင်ပြီး မြောက်ပိုင်းခရိုင် ဌာနခွဲ(၃) ယာဉ်လိုင်းလုပ်ငန်းကော်မတီတို့ ပူးပေါင်း၍ ဇူလိုင် ၁၀ရက်က အင်းစိန်(ဘီအိုစီကွေ့)တွင် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း လိုက်နာရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်စဉ်။** (ခရိုင်ပြန်/ဆက်)





**ကျောက်ချောလမ်းခင်း**

**အမှတ်(၃) ခရိုင်ချင်းဆက်လမ်း (ရွှေဘိုမြို့နယ်အပိုင်း) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၅ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## အကောင်းဆုံးဘောလုံးသမားဆု အာဂျန်ရော်ဘင်အား ရွေးချယ်

မြင့်မောင်စိုး - ရေးသားသည်



ဘာလင် ဇူလိုင် ၁၅

နယ်သာလန် ကွင်းလယ်ကစားသမား အာဂျန်ရော်ဘင်အား ဂျာမနီကြေးစား ဘောလုံးသမားများအဖွဲ့က တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားအဖြစ် ဆန္ဒမဲပေး ရွေးချယ်လိုက်သည်။

**ရွေးချယ်**

အသက် ၂၆ နှစ်ရှိ ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ရော်ဘင်အား ဂျာမနီ ဘွန်ဒက်စ်လီဂါ ကစားသမားများ၊ ဂျာမန်ဘောလုံးလိဂ်စနစ်အောက်ရှိ ဒုတိယ၊ တတိယနှင့် စတုတ္ထတန်းတို့မှ ဘောလုံးသမားများပါဝင်ပြီး အကောင်းဆုံးဘောလုံးသမားအဖြစ် ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းအား ဆန္ဒမဲ ၇၂ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရော့ဘင်၏ ဘိုင်ယန်မြူးနစ်အသင်းကစားဖော် ရှဝိန့်စတိန်ဂါအား ဒုတိယ၊ ဝုဖ်ဘတ်အသင်းမှ ဘွန်ဒက်စ်လီဂါထိပ်တန်းဂိုးအများဆုံးသွင်းနိုင်သူ အီဒင်ဒီဇီကိုအား တတိယဆုအဖြစ် ရွေးချယ်ပေးခဲ့သည်။ (အင်တာနက်)

## စပါးနည်းပြ ရက်နက်အား နှစ်နှစ်စာချုပ် ထပ်မံချုပ်ဆို



လန်ဒန် ဇူလိုင် ၁၅

တော့တင်ဟမ်ဟော့ စပါးနည်းပြ ဟာရီရက်နက်အား ၎င်းကလပ်က ၂၀၁၃ ခုနှစ်အထိ စာချုပ်သက်တမ်း တိုးလိုက်ကြောင်း ကလပ် တာဝန်ရှိသူများက ပြောကြားသည်။

နည်းပြရက်နက်နှင့် စပါးတို့၏ လက်ရှိချုပ်ဆိုထားသော စာချုပ်မှာ ၂၀၁၁ ခုနှစ်အထိသာ ဖြစ်သည်။ သို့သော်စပါးက ရက်နက်၏လုပ်ကိုင်ကြိုးစားပေးမှုအပေါ် မူတည်ပြီး နောက်ထပ် နှစ်နှစ်စာချုပ်လိုက်ခြင်း ဖြစ်သည်။

**ဝင်ခွင့်ရ**

ဟာရီရက်နက်သည် ပြီးခဲ့သည့် ရာသီက စပါးအသင်းကို စတုတ္ထနေရာအထိ ရောက်ရှိအောင် ကြိုးစားပေးနိုင်ခဲ့သည်။ ယင်းမှာစပါးအသင်း၏ ပရီမီယာလိဂ်တွင် အအောင်မြင်ဆုံး အနေအထားတစ်ရပ် ဖြစ်လာခြင်းပင်ဖြစ်သည်။ စပါးတို့ ယင်းအောင်မြင်မှုကြောင့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိမည်ဖြစ်သည်။

ထိုသို့ စပါးအသင်းကို ပြီးခဲ့သော ဘောလုံးရာသီက စတုတ္ထနေရာသို့ ရောက်အောင် ကြိုးစားပေးနိုင်ခဲ့သဖြင့် နည်းပြ ရက်နက်အား အက်ဖ်အေက အကောင်းဆုံး ပရီမီယာလိဂ်နည်းပြအဖြစ် ဆုချီးမြှင့်ခဲ့သည်။ (အင်တာနက်)

## လာလီဂါချန်ပီယံ ဘာကာအား ဂွါဒီယိုလာ ဆက်လက်တာဝန်ယူမည်



မက်ဒရစ် ဇူလိုင် ၁၅

ဘာကာနှင့် စာချုပ်သက်တမ်းကုန်ဆုံးနေပြီဖြစ်သော နည်းပြ ပက်ဂွါဒီယိုလာအား စာချုပ် ထပ်မံချုပ်ဆိုမည်ဖြစ်ကြောင်း လာလီဂါချန်ပီယံ ဘာကာက ကြေညာလိုက်သည်။

အသက် ၃၉နှစ်ရှိ နည်းပြ ဂွါဒီယိုလာသည် လွန်ခဲ့သော ဘောလုံးရာသီနှစ်ရာသီအတွင်း ဘာကာကို ဖလားခုနစ်လုံး ရယူပေးနိုင်ခဲ့သည်။ ယင်းခုနစ်လုံးအနက် ၂၀၀၉ခုနှစ် ချန်ပီယံလိဂ်ဖလားနှင့် လာလီဂါဖလား နှစ်လုံးပါဝင်သည်။

ဂွါဒီယိုလာနှင့် ၎င်းကလပ် ဘာကာတို့သည် ဇန်နဝါရီလအတွင်းက နှုတ်အားဖြင့် သဘောတူညီမှု ရယူထားကြသည်။ ဂွါဒီယိုလာသည် ဘာစီလိုနာ ကစားသမားဟောင်းဖြစ်သည်။ ၎င်းအား ဘာကာက ပြီးခဲ့သောနွေရာသီတွင် စာချုပ် တစ်နှစ်သာ ချုပ်ဆိုခဲ့သည်။ (အင်တာနက်)

## ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်း

**ဂိုး**- ကာဆီးလက်စ်(စပိန်)၊

**နောက်တန်း**- ဘရွန်ခိုစ့်(နယ်သာလန်)၊ ဖရက်ဒစ်(ဂျာမနီ)၊ ပူယိုးလ်(စပိန်)၊ ဗန်ဒါဝီးလ်(နယ်သာလန်)၊

**အလယ်တန်း**- သောမတ်စ်မူလာ (ဂျာမနီ)၊ ရှနိုက်ဒါ(နယ်သာလန်)၊ အင်နီယေစတာ(စပိန်)၊

**ရှေ့တန်း**- ဒေးဗစ်ဗီလာ(စပိန်)၊ ကလိုဆေး(ဂျာမနီ)၊ ဒီဂိုဖော်လန် (ဥရုဂွေး)။ (အင်တာနက်)

# ၂၀၁၀ကမ္ဘာ့ဖလား မှတ်တမ်းတင်ဖြစ်ရပ်များ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇူလိုင် ၁၅

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကား အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီ။ တောင်အာဖရိကနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်းမှာ ဂုဏ်ယူဖွယ်ရာအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အဖြစ်အပျက်ပေါင်းများစွာလည်း ဖြစ်ပေါ်ခဲ့သည်။ ယင်းထူးခြားမှု အဖြစ်အပျက်များအနက် ဘောလုံးပြိုင်ပွဲအတွင်း မှတ်တမ်းတင်စရာ ဖြစ်ရပ်အချို့ကို ရွေးချယ်ဖော်ပြရပါလျှင်-



စပိန်ဂိုးသမား ကာဆီးလက်စ်က ဗိုလ်လုပွဲတွင် နယ်သာလန်တိုက်စစ်မှူး ရော်ဘင်၏ အပိုင်ကန်သွင်းဂိုးကိုလည်း ဤသို့ သမိုင်းဝင် ကာကွယ်ပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

**ပထမဆုံး**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဆလိုဗေးနီးယားနိုင်ငံအသင်းသည် ခြေစစ်ပွဲအောင်ပြီး ပထမဆုံးအုပ်စုပွဲအဖြစ် အယ်လ်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းဖြစ်ရပ်သည် ကမ္ဘာ့အသေးငယ်ဆုံးနိုင်ငံများ၌ ပါဝင်သည့် အသင်းကကမ္ဘာ့ဖလားပွဲသမိုင်း၌ ပထမဆုံး ခြေစစ်ပွဲအောင်ပြီး အုပ်စုပွဲစဉ်၌ အနိုင်ရအောင် ကစားနိုင်သည့် ပထမဆုံးဖြစ်ရပ်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

**ဂိုးသွင်းမှု**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ တတိယရရှိခဲ့သည့် ဂျာမနီအသင်းမှ အသက် ၂၀အရွယ် ကွင်းလယ်ကစားသမား သောမတ်စ်မူလာသည် ငါးဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဖြစ်ရပ်သည် ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဘရာဇီးတိုက်စစ်မှူးပီလီ နောက်ပိုင်း ဂိုးအများဆုံး သွင်းယူနိုင်သော အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

**ဂိုးမသွင်းနိုင်မှု**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဆွစ်ဇာလန်အသင်းသည် ပြိုင်ပွဲကာလ စုစုပေါင်း ၅၅၆ မိနစ်အတွင်း တစ်ဂိုးသာ သွင်းယူနိုင်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ယင်းဖြစ်ရပ်သည် ၁၉၉၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့် ၁၉၈၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတို့၌ အီတလီအသင်း ပြိုင်ပွဲကာလ မိနစ်ပေါင်း ၅၅၀အတွင်း တစ်ဂိုးသာ သွင်းယူနိုင်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်း စံချိန်ထက် ပိုမိုများပြားသည့် အသင်းအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

**ဒုတိယ**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ဂျာမနီ တိုက်စစ်မှူးကလိုဆေးသည် ငါးဂိုးသွင်းယူနိုင်ခဲ့ရာ ကလိုဆေး၏ ကမ္ဘာ့ဖလား ဂိုးသွင်းမှု စုစုပေါင်း ၁၄ဂိုး ရှိခဲ့သည်။ ကလိုဆေးသည် ဘရာဇီးတိုက်စစ်မှူး ရိုနယ်ဒို၏ ကမ္ဘာ့ဖလားဂိုးသွင်းမှု စုစုပေါင်း ၁၅ဂိုးစံချိန်ကို မချိုးဖျက်နိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားသမိုင်း၌ ဒုတိယဂိုး အများဆုံး သွင်းယူနိုင်သူအဖြစ် မှတ်တမ်းတင်ခဲ့သည်။

**ဖြစ်ရပ်တူ**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အုပ်စုပွဲစဉ်အဖြစ် ပြင်သစ်နှင့်မက္ကဆီကိုတို့ပွဲတွင် မက္ကဆီကိုအသင်းမှ ဂျာဗီရာဟာနန်ဒက်ဇ်သည် ပြင်သစ်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည့်ပွဲ၌ တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းဖြစ်ရပ်သည် ၁၉၅၄ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ မက္ကဆီကိုနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဂျာဗီရာဟာနန်ဒက်ဇ်၏ အဘိုးဖြစ်သူ သောမတ်ဘယ်ကာဇာ တစ်ဂိုးသွင်းယူနိုင်မှုနှင့် ဖြစ်ရပ်တူခဲ့သည်။ ဂျာဗီရာဟာနန်ဒက်ဇ်၏ဖခင် ဂျာဗီရာမှာလည်း ၁၉၈၆ခုနှစ် ကမ္ဘာ့ဖလားပွဲ၌ မက္ကဆီကိုအသင်းတွင် ပါဝင်ခဲ့သော်လည်း အရန်ကစားသမားဖြစ်၍ ပွဲချိန်အတွင်း ပါဝင်ကစားခွင့် မရခဲ့ချေ။

**တောင်အာဖရိကအသင်း**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် တောင်အာဖရိကနိုင်ငံ၏ ဘောလုံးအသင်းသည် ရှုံးထွက်ပွဲစဉ်အထိ မတက်ရောက်နိုင်ဘဲ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ယင်းဖြစ်ရပ်သည် ကမ္ဘာ့ဖလားသမိုင်း၌ ရှုံးထွက်အဆင့်သို့ မတက်ရောက်နိုင်သည့် ပထမဆုံးအိမ်ရှင်အသင်းအဖြစ် မှတ်တမ်းတင်သွားခဲ့သည်။

**နည်းပြပရဲရား**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် တောင်အာဖရိက အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူ ဘရာဇီးနိုင်ငံသား ပရဲရားသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ငါးကြိမ်တွင် အသင်းငါးသင်းပြောင်းပြီး နည်းပြတာဝန်ယူကာ ပြိုင်ပွဲဝင်နိုင်ခဲ့သည်။ ၎င်းသည် ဘိုရာမီလူတီနိုဗစ်ပြီးလျှင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်း အများဆုံးကို နည်းပြတာဝန်ယူနိုင်သည့် ဒုတိယမြောက် နည်းပြအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

**အီတလီဖြစ်ရပ်**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အီတလီအသင်းနိုင်ပွဲ တစ်ပွဲမျှမရဘဲ အုပ်စုအဆင့်မှပင် ပြိုင်ပွဲမှ ထွက်ခဲ့ရာ ယင်းဖြစ်ရပ်သည် အီတလီအသင်း၏ ကမ္ဘာ့ဖလားသမိုင်း၌ အဆိုးရွားဆုံးဖြစ်ကြောင်း မှတ်တမ်းဝင်သွားခဲ့သည်။

**ဂျာမနီအသင်း**

၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဂျာမနီအသင်းအကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ရာ ကမ္ဘာ့ဖလားသမိုင်း၌ အကြိုဗိုလ်လုပွဲသို့ စုစုပေါင်း (၁၂)ကြိမ် တက်ရောက်နိုင်ခဲ့သည့် ပထမဆုံး အသင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ။ (အင်တာနက်)

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### နယူးယောက် ရက်ဒ်ဘူးလ်အသင်းနှင့် အွန်နရီစာချုပ်

*အသက်(၃၂)နှစ်ရှိ အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်းနှင့် ပြင်သစ်တိုက်စစ်မှူး အွန်နရီတို့သည် ၎င်း၏လက်ရှိအသင်း ဘာစီလိုနာမှ ထွက်ခွာကာ အမေရိကန်နိုင်ငံ မေဂျာလိဂ်အသင်း နယူးယောက်ရက်ဒ်ဘူးလ်နှင့် တစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ယင်းအသင်းသည် လာမည့် ဇူလိုင် ၂၂ရက်တွင် အမေရိကန်နိုင်ငံ၌ ပရီမီယာလိဂ်အသင်း စပါးနှင့်ချစ်ကြည်ရေး ခြေစမ်းပွဲယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။*

### ဗြိတိသျှဝယ်လ်တာဝိတ်သရဖူ ပီရိုက်စ်မျက်စိကျနေ

*အသက်(၂၉)နှစ်အရွယ်ရှိ လက်ဝှေ့သမား ဘရက်ဒလေပီရိုက်စ်သည် ဗြိုင်ဘက် လက်ဝှေ့သမား တက်ဘာမီအား အနိုင်ရရှိပြီးနောက် လက်ဝှေ့ကျော် ကယ်လ်ဘရွတ်စ်၏ ဗြိတိသျှဝယ်လ်တာဝိတ်သရဖူကိုရယူရန် မျက်စိကျနေသည်။*

### ဂရိတ်နော့သ်ရမ်းန် ပြေးခုန်ပစ်၌ ဟိုင်လီယှဉ်ပြိုင်မည်

*အီးသီယိုးပီးယား ပြေးခုန်ပစ်သမား ဟိုင်လီဂီဘရဆီလက်ဆီသည် လာမည့် စက်တင်ဘာလတွင် ကျင်းပမည့် ဂရိတ်နော့သ်ရမ်းန် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် သဘောတူညီခဲ့ကြကြောင်း၊ ၎င်းသည် လွန်ခဲ့သော (၁၀)နှစ်က ဒဏ်ရာကြောင့် ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်ခဲ့သဖြင့် ယခုပါဝင်ယှဉ်ပြိုင်မှုသည် ယင်းကာလအတွင်း ပွဲဦးထွက် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

### ဘာရီရာ ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့ရေးနီးစပ်

*မက္ကဆီကို တောင်ပံကစားသမား ပါဘလိုဘာရီရာသည် ၎င်း၏အသင်း ပူးမက်စ်မှ ပရီမီယာလိဂ်အသင်းဝက်စ်ဟမ်းသို့ ပေါင်လေးသန်းဖြင့် ပြောင်းရွှေ့ရေး နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။*

### နည်းပြကော့တာရီက အူတာကာအားအသင်းပြောင်းခွင့်ပြု

*ပို့စ်မောက်အသင်းသို့ လွန်ခဲ့သောသုံးနှစ်က ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ရောက်ရှိခဲ့သူ နိုင်ဂျီးရီးယားတိုက်စစ်မှူး ဂျွန်အူတာကာအား နည်းပြစတိဗ်ကော့တာရီက အသင်းပြောင်းရွှေ့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ အသက် ၂၈ နှစ်ရှိ အူတာကာအား ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် ဆက်သွယ်နေကြောင်း ဖော်ပြသည်။*

### တိုက်စစ်မှူး ဗယ်လ်ဒက်စ်အား ဘာရုစ်ထပ်မံကမ်းလှမ်း

*ဆန်းဒါးလန်းနည်းပြ စတိဗ်ဘရုစ်သည် ဂျာမန်ဘွန်ဒက်စ်လီဂါအသင်းသို့ ရှုံးကလပ် ဒေါ့တ်မွန်မှ ပါရာဂွေးတိုက်စစ်မှူး နယ်လ်ဆင်ဗယ်လ်ဒက်စ်အား ဒုတိယအကြိမ် ထပ်မံကမ်းလှမ်းခဲ့ကြောင်း သိရသည်။*

### အလွန်ဆိုအား ဘော်လ်တန်က ခေါ်ယူရေးနီးစပ်

*ရီးရဲမက်ဒရစ် ဘယ်နောက်ခံလူ မားကို့စ်အလွန်ဆိုအား ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီက ပေါင် ၂ ဒသမ ၂ သန်းတန် စာချုပ်ဖြင့် ချုပ်ဆိုခေါ်ယူရေးနီးစပ်နေပြီဖြစ်ကြောင်း ဖော်ပြသည်။ ။* (အင်တာနက်)

# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကွမ်းခြံလမ်း၊ စီနီအရာရှိရိပ်သာနေ
ဦးထိန်ဝင်း(တိုင်းမန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါ်သန္တာရီတို့၏သား

**မောင်ပြည့်ဖြိုးထိန်ဝင်း(ခ)ဖြိုးငယ်**

**1st Year Botany, IDCS (NCC, UK)**

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း) (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-
ဒေါ်ဝါဝါ(ဒုတိယညွှန်ကြားရေးမှူး၊ ရွှေနေချုပ်ရုံး)တို့၏ သမီးထွေး

**မမျိုးနန္ဒီလွင်(ခ)ပုံ့ပုံ့**

**2nd Year, Myanmar, IDCS (NCC, UK)**

တို့၏ ၁၀-၇-၂၀၁၀ ရက် ရန်ကုန်မြို့ Sedona Hotel, Grand Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးပန်းအောင်ဝန်ကြီးချုပ်ရုံး ဝန်ကြီး (ငြိမ်း)နှင့် ဇနီး ဒေါ်ညွှန့်ညွှန့်လွင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းရီတို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဇနီး ဒေါ်တင်မမထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၏ဇနီး ဒေါက်တာရီရီထွေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၏ဇနီး ဒေါ်ချိုချိုထွန်း၊ ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးသန်း ဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း) (နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်-ငြိမ်း)နှင့် ဇနီး ဒေါ်သန်းညွှန့်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ စွမ်းအင်ဝန်ကြီးဌာန)တို့အားလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်မှ အရာရှိကြီးများနှင့် ဇနီးများ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင့်၊ မင်္ဂလာစောင်းဖြင့် တီးခတ်၍ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော အဆိုတော် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မမေဇင်ထိန်ဝင်း၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးပါသော မစန္ဒာလွင်၊မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မောင်ထက်အာကာထိန်ဝင်းနှင့် မဝင့်မြတ်နိုး၊ မင်္ဂလာသတို့သားအရံမောင်မျိုးသက်ဇင်နှင့် မင်္ဂလာသတို့သမီးအရံ မနှင်းအိအိဇော်၊ မိတ်ကပ်ဆံပင် အလှပြုပြင်ပေးသော မိတ်ကပ်လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော တော်ဝင်သူ၊ ပန်းအလှဆင်ပေးပါသော ကိုဆွေ၊ မင်္ဂလာဧည့်ခံပွဲ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ပြည့်ဖြိုးထိန်ဝင်းနှင့်မမျိုးနန္ဒီလွင်။**

## (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

**အနိုင်ရရှိ**

ပြိုင်ပွဲ၏ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၁၁၁-၄၀မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက မန္တလေးတိုင်းကို ၆၀- ၄၅ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ဧရာဝတီတိုင်းကို ၆၉-၃၇မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

**တက်ရောက်**

အမျိုးသားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မန္တလေးတိုင်းက ကယားပြည်နယ်ကို ၉၀-၄၃မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ကရင်ပြည်နယ်ကို ၇၃-၃၁ မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ၆၆-၅၃မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က စစ်ကိုင်းတိုင်းကို ၁၀၄-၆၄ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

**ယှဉ်ပြိုင်**

ပြိုင်ပွဲ၏အကြိုဗိုလ်လုပွဲများကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီမှစတင်၍ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသမီးပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်၌ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း၊ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်တိုင်း၊ အမျိုးသားပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်း၊ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်၌ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ကားရောင်းမည်**

Nissan Big M-87 (ဒီဇယ်)
လ/လေးထောင်ကျော်။
ရောင်းဈေး - ကျပ် ၁၁၅ သိန်း
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၁-၈၂၇၆၅။**

**သား မောင်ဘုန်းမြင့်ဆွေ အမြန်ပြန်လာပါ**



ကျွန်တော် ဦးမြင့်ဆွေ ၁၂/အစန(နိုင်) ၀၇၅၂၆၉ ၏သား မောင်ဘုန်းမြင့်ဆွေ ၁၂/ဗထန(နိုင်)၀၄၂၃၅၁ အသက်(၁၅)နှစ် တက္ကသိုလ်ဝင်တန်းကျောင်းသားသည် ၂-၇-၂၀၁၀ရက် ကျောင်းဆင်းချိန်တွင် ပျောက်ဆုံးသွားပါသဖြင့် မိဘများ စိတ်ပူပင်သောကရောက်လျက်ရှိပါသည်။ သား အမြန်ပြန်လာပါ။ တွေ့ရှိသူများ အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း။

**ဦးမြင့်ဆွေ -ဒေါ်နွယ်နီဝင်း**
**ဖုန်း-၀၁-၃၇၅၀၃၇၊**
**၀၉-၅၀-၁၂၈၈၁။**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၇-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၀၀ | ၆။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၈း၁၀ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၅ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | သွော်မယ်ဖျို |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၅ | ၃။ | ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၃၀ | ၄။ | နှောင်းခေတ် တေးပဒေသာ |
| ၄း၄၀ | ၅။ | အကပြိုင်ပွဲ |
| ၄း၄၅ | ၆။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ) |
| ၅း၀၀ | ၇။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၈။ | မြန်မာစာ မြန်မာစကား |
| ၅း၂၅ | ၉။ | တေးဂီတအစီအစဉ် |
| ၅း၃၅ | ၁၀။ | ရိုးသားဖြူစင် ကလေးတို့အသွင် |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | ရသစုံလင် အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၁၇) |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | ရွှေမြရုံခြယ် (စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး- မောင်မောင်အေး) (အလင်္ကာဝတ်ရည်) |
| | ၁၉။ | လျှပ်တစ်ပြက်ဟာသများ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း) (အပိုင်း-၄) |
| | ၂၁။ | သီချင်းချစ်သူ (D-ဖြိုး) |

## အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ဟောပြောမည်

ရန်ကုန် ဇူလိုင် ၁၅

နေ့စဉ်တိုးတက်နေသော နည်းပညာသစ်များနှင့် ယင်းနည်းပညာသစ်များကို အသုံးချပြီး ချဲ့ထွင်လာသော ဘာသာရပ်အသီးသီးတို့ကြောင့် ပညာဆည်းပူးမှု အဟုန်မြင့်မားလျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများမှ ဘွဲ့ရရှိပြီးသူများအထိ စိတ်ဝင်တစား လေ့လာနိုင်သော နိုင်ငံတကာ ပညာရေးအခွင့်အလမ်းများ၊ ဘာသာရပ်ရွေးချယ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို Education for Allအစီအစဉ်အရ ဟောပြောပွဲကို ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ် Myanmar Ballroom (2)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ယင်းဟောပြောပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်သည် GCSE 'O' Level နှင့် ညီမျှကြောင်း၊ နိုင်ငံတကာပညာရေးနယ်ပယ်တွင် အရေးပါသော အင်္ဂလိပ်စာနှင့် စကားလေ့လာပုံနည်းစနစ်၊ တက္ကသိုလ်၊ ကောလိပ် ရွေးချယ်ပုံနည်းစနစ်များ အကြောင်းတို့ကို ဒေါက်တာနေ Ph.D (UK)နှင့် City of Sunderland College (UK)၏ ဒုတိယကျောင်းအုပ်ကြီး Dr. Trevor Ashtonတို့က ဟောပြော ဆွေးနွေးကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသူတိုင်း အခမဲ့တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး နဝရတ်ပညာရေး (NLEC) အမှတ် ၈၂ တတိယထပ် အနော်ရထာလမ်း ၃၉လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀ နှင့် ၀၉-၅၁-၂၇၃၀၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ဝန်ထမ်းမိသားစုများ၊ ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရရှိ**

နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ကျင်းပသော ပွဲစဉ်၌ (ဂ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ဃ)အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ဃ)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

**ယှဉ်ပြိုင်မည်**

ဇူလိုင် ၁၆ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ပြည်ထဲရေးအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ သိပ္ပံနှင့် နည်းပညာအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့်ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ရန်ကုန် ဇူလိုင် ၁၅

TMW Enterprise Ltd. က တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းသော Sony အမှတ်တံဆိပ် Recording Media & Energy Product Seminar ကို ယမန်နေ့ညနေ ၆ နာရီတွင် Traders Hotel ၌ ကျင်းပသည်။

## အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲကျင်းပ

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ TMW Enterprise Ltd. မှ Managing Director ဦးဝေလွင်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** Sony RME Batteries နည်းပညာသစ်များကို Mr. Phillip နှင့် Mr. Jimmy Tay တို့က သရုပ်ပြ ရှင်းလင်းပြသကာ Ms.Akiko က Sony Battery ဈေးကွက်အကြောင်းကို ရှင်းလင်းပြောကြားသည်။

Sony RME Product များ အနေနှင့် Audio Tape, Video Tape, CDR, DVDR, Memory Stick, Battery, Rechargeable Battery နာရီနှင့် ဂဏန်းပေါင်းစက်များတွင် အသုံးပြုသည့် Micro Battery များကို ထုတ်လုပ်ထားသည်။

**တီထွင်ထုတ်လုပ်**

Sony Battery များတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးနှင့် သုံးစွဲသူအတွက် အန္တရာယ်မဖြစ်စေရန် ကာကွယ်ထားမှုများနှင့်အတူ တစ်ကမ္ဘာလုံးတွင် အသုံးပြုနေသော အမျိုးမျိုးသော Voltage များနှင့်လည်း အသုံးပြုနိုင်အောင် တီထွင်ထုတ်လုပ်ထားသည်။

၂၀၁၀ ခုနှစ်တွင် Sony SD Memory Card များကို SD Card အသုံးပြုသော Sony Product များတွင်သာမက SD Card အသုံးပြုရသော အခြား Product များအတွက်လည်း အဆင်ပြေစေရန် ထုတ်လုပ်ထားသည်။ ထို့အတူ Multi Use Rechargeable Battery များကိုလည်း ယခုနှစ်မှစပြီး ထုတ်လုပ်ရောင်းချလျက်ရှိသည်။

**လျှော့ချပေး**

Multi Use Battery များသည် အကြိမ်(၁၀၀၀) ပြန်လည်အားသွင်းပြီး အသုံးပြုနိုင်သောကြောင့် သုံးစွဲသူများ၏ ကုန်ကျစရိတ်များကိုလည်း များစွာလျှော့ချပေးနိုင်မည်ဖြစ်သည်။

ထို့နောက် Sony RME ၏ ရောင်းအားအကောင်းဆုံး Dealer များကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကြွက်ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသ နှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့် ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်၉ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၌ ဖုံး၊သွန်၊ လဲ၊ စစ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

## ရေစီးရေလာကောင်းမွန်ရေး

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မြို့နယ်များအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ လူမှုရေးအသင်းအဖွဲ့အသီးသီးတို့က ခြင်ထောင် ဆေးစိမ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖုံး၊သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် သန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မနော်ဟရီဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နေပြည်တော် တပ်ကုန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ဇူလိုင် ၁၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးရွှေကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်၍ သစ်ပင်မျိုးစိုက်ပျိုးကြစဉ်။ (ဝ၉၁)

# ကော်မရှင်အဖွဲ့ခွဲသင်တန်း ကလောမြို့နယ်၌ဖွင့်

ကလော ဇူလိုင် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် မြို့နယ်ခန်းမ၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသင်တန်းကို ဇွန် ၂၉ရက် နံနက် ၈နာရီခွဲက ဖွင့်လှစ်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက အမှာစကားပြောကြားသည်။

## ဆွေးနွေးပို့ချ

အစီအစဉ်အရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမှုံ၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းအေး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်နီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးမြဆောင်တို့က ဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးပို့ချခဲ့သည်။

## တက်ရောက်

အခမ်းအနားသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့မှ စုစုပေါင်းအင်အား ၂၅၇ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

**မြို့နယ် သတင်း ထွေထွေ**

# စာအုပ်စာစောင်လှူဒါန်း



**ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်နှင့် ဝန်ထမ်းများ ဇူလိုင် ၆ရက်က နတ်တောင်ပြင်ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ နတ်တောင်ပြင်ကျေးရွာ ဥက္ကဋ္ဌ ဦးစိန်နုအောင်က လက်ခံယူစဉ်။**

(မြို့နယ် ပြန်/ဆက်)

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျောက်မဲ၌ ကျင်းပ

ကျောက်မဲ ဇူလိုင် ၁၁

ကျောက်မဲခရိုင် သစ်တောဦးစီးဌာနနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ဦးစီးကျင်းပသော မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ရက်က ကျောက်မဲမြို့ အောင်မြေသာယာကုန်းမြေ၌ ကျင်းပသည်။

## စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ခရိုင်အမျိုးသမီးရေးရာကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်၊ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သိန်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်တို့က ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ကျွန်း၊ ယမနေ၊ ရေသင်းဝင်၊ ယူကလစ်၊ ချယ်ရီနှင့် မဲဇလီပျိုးပင်ပေါင်း ၇၅၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(သစ်တော)**

# ရိတ်သိမ်းချိန်လွန် နည်းပညာသရုပ်ပြပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဇူလိုင် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် တွင်းဖြည်းကျေးရွာတွင် နွေစပါး ရိတ်သိမ်းချိန်လွန် နည်းပညာလက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၆ရက် နံနက် ၈နာရီက တောင်သူဦးတင်ကိုဦး၏ နွေစပါးစိုက်ခင်း၌ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာခင်မောင်သက် ဦးဆောင်၍ သီးနှံကာကွယ်ရေးဌာနခွဲ မန်နေဂျာ ဒေါ်အေးအေးမာနှင့် မြေအသုံးချရေးဌာနခွဲ လက်ထောက်မန်နေဂျာ ဒေါ်လှဲ့လှဲ့ထွေးတို့က စိုက်ပျိုးပြီးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာအရ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းပြီးစပါးများ စနစ်တကျ အခြောက်ခံခြင်းနှင့် သိုလှောင်ခြင်းစသည့် နည်းစနစ်များကို တွင်းဖြည်းကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်မှ တောင်သူများအား လက်တွေ့ပညာပေး သရုပ်ပြဆောင်ရွက်ခဲ့ကြပြီး တောင်သူများ၏ မေးမြန်းချက်များကို အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်သက်က ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**





**ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ဇူလိုင် ၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်နည်း ထန်းတပင်မြို့နယ်၌ သရုပ်ပြ

ထန်းတပင် ဇူလိုင် ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကွင်းအမှတ်(၂၅၁)ဦးပိုင်(၃၂/၇)ဦးထွန်းလှစိန်လယ်မြေ၌ ဇူလိုင်၁၀ရက် နံနက် ၁၀နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပလတ်စတစ် ဆန်ခါပိုက်ဖြင့် ဆင်းသုခစပါးမျိုး ငါးကေစာ ပျိုးထောင်၍ စိုက်ပျိုးမှုသရုပ်ပြပွဲ လက်တွေ့ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုးက ကွင်းဆင်းကြည့်ရှု ကြပ်မတ် ဆောင်ရွက်ပေးသည်။ အခမ်းအနားတွင် ထန်းတပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစန်းလွင်က ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၈)ရပ်နှင့် ရရှိနိုင်သော အကျိုးကျေးဇူး(၁၂)ရပ်တို့ကို အသေးစိတ် ရှင်းလင်း ဆွေးနွေးပြောကြားကာ လက်တွေ့စိုက်ပျိုး သရုပ်ပြသကြသည်။

(အပေါ်ပုံ) (၁၈၃)

# ကျောက်ချောခင်း

**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော နောင်အန်-ဆင်ပိုင်း-နမ့်ဟူး ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းခွင်သို့ ဇူလိုင် ၂ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုင်းကက်နက် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# အနာကြီးရောဂါ ကာကွယ်ရေးသင်တန်း ယင်းမာပင်၌ဖွင့်

ယင်းမာပင် ဇူလိုင် ၁၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အနာကြီးရောဂါဆိုင်ရာ ကိုယ်အင်္ဂါ ချို့ယွင်းမှုကာကွယ်ရေး လုပ်ငန်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ရက် နံနက် ၉နာရီက အဆိုပါဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာတင်လှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ကျန်းမာရေးဌာန ဦးစီးမှူး ဒေါက်တာတင့်ဆွေနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်နှင့် မြို့နယ်ကျန်းမာရေးဌာန ဦးစီးမှူးဒေါက်တာတင့်ဆွေတို့က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း အနာကြီးရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာတင်လှိုင် **(ဝဲပုံ)** က အနာကြီးရောဂါတိုက်ဖျက်ရေးဆိုင်ရာ ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



**သင့်သွေးဖြင့် အသက်ကယ်ပါ**



# မြေယာရှင်းခင်း

**ရန်ကုန်တိုင်း တွံ့တေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေဆံတော်ဘုရားလမ်း လမ်းလယ်ကျွန်း မြေယာရှင်းအလှ ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် စစ်ဆေးရာ အမှုဆောင်အရာရှိဦးသိန်းထူး ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဇူလိုင် ၁၂ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီကလည်းကောင်း၊ ယနေ့တွင် "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီနှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီတို့ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၁၅-၇-၂၀၁၀**

| | | | | | |
|---|---|---|---|---|---|
| နေပြည်တော် | ၀ | ဒသမ | ၁၆ | လက်မ |
| မချမ်းဘောမြို့ | ၅ | ဒသမ | ၃၉ | လက်မ |
| ပူတာအိုမြို့ | ၂ | ဒသမ | ၆၄ | လက်မ |
| ကလေးဝမြို့ | ၂ | ဒသမ | ဝ၅ | လက်မ |
| သာယာဝတီမြို့ | ၁ | ဒသမ | ၃၄ | လက်မ |
| ဖျာပုံမြို့ | ၁ | ဒသမ | ၃၀ | လက်မ |
| ဘီးလင်းမြို့ | ၀ | ဒသမ | ၉၁ | လက်မ |

**မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား**

ကောင်းမြတ်သူ - ရေးသားသည်

## ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ် အသက် ၁၃၀ပြည့် မွေးနေ့ပွဲကျင်းပ



**တီဘီလီစီ ဇူလိုင် ၁၅**

ဂျော်ဂျီယာနိုင်ငံ တီဘီလီစီမြို့အနောက်ဘက် မိုင် ၃၂၀အကွာ ဆာဂျီနိုကျေးရွာ၌ အသက် ၁၃၀ရှိ ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ် အင်တီဆာကေဗီချာဗာ ဇူလိုင် ၈ရက်က မွေးနေ့ပွဲကျင်းပခဲ့သည်။ **(အပေါ်ဓာတ်ပုံ)**

**မွေးဖွား**

အဘွားကေဗီချာဗာအား ဂျော်ဂျီယာအနောက်ပိုင်း၌ ၁၈၈၀ ပြည့်နှစ် ဇူလိုင် ၈ရက်က မွေးဖွားခဲ့သည်။ ၎င်းသည် တောင်တန်းဒေသ အဆိုပါကျေးရွာလေး၌ နေထိုင်ခဲ့ပြီး အသက် ၆၅နှစ်အရွယ်အထိ လက်ဖက်ခူး၊ ပြောင်းစိုက်သည့်အလုပ်ကို လုပ်ကိုင်ခဲ့သည်။

**နေထိုင်**

အဘွားကေဗီချာဗာတွင် သားတစ်ဦးသာထွန်းကားခဲ့ပြီး မြေး ၁၀ဦး၊ မြစ် ၁၂ဦးတို့ဖြင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။ ကေဗီချာဗာ၏သား မီလ်ခေးသည် ယခုအခါ အသက် ၇၀ရှိနေပြီ ဖြစ်သည်။ မီလ်ခေးအား အဘွားကေဗီချာဗာက အသက် ၆၀အရွယ်တွင် မွေးဖွားခဲ့သည်။

**အင်တာနက်**

16-7 (20).pmd 1 7/16/2010, 12:46 AM